# ရောမမြို့သူမြို့သားတို့ထံ ရေးသောစာ

## နိဒါန်း

*ပေါလုသည်* ***ကောရင့်မြို့၌*** *နေစဉ်****ရောမမြို့****ရှိ ခရစ်ယာန် ဘာသာဝင်များထံသို့ သွားရန် အစီအစဉ်ရှိသောကြောင့် ကြိုတင်ပြင်ဆင်သည့်အနေဖြင့်* ***ရောမဩဝါဒစာ****ကို ရေးသားခဲ့လေသည်။ သူ၏အစီအစဉ်မှာ ထိုမြို့ရှိ ခရစ်ယာန်များထံတွင် ခေတ္တမျှ အမှုတော်ထမ်းဆောင်ပြီး၊ သူတို့၏အကူအညီဖြင့်* ***စပိန်****ပြည်သို့သွား၍သာသနာပြုရန်ဖြစ်သည်။ ဤဩဝါဒစာတွင် သူနားလည်သဘောပေါက်သည့် ခရစ်ယာန်ယုံကြည်ချက်နှင့် ခရစ်ယာန်များ၏ဘဝအသက်တာအတွက် လက်တွေ့ကျသော လမ်းညွှန်ချက် များအကြောင်းကို ရှင်းလင်းတင်ပြထားသည်။ ဤကျမ်းစာစောင်သည် ခရစ်ယာန်တရားနှင့်စပ်လျဉ်း၍* ***ပေါလု****၏ဟောပြောတင်ပြချက်များတွင် အစုံလင်ဆုံးဖြစ်ပါသည်။*

*ပေါလုသည်* ***ရောမမြို့****ရှိညီကိုတို့အား နှုတ်ခွန်းဆက်သကာ သူတို့အတွက် ဆုတောင်းပေးကြောင်း ရေးသားလိုက်၏။ ဤဩဝါဒစာတွင်* ***ပေါလု****အဓိကပြောလိုသည့်အကြောင်းအရာမှာ ဘုရားသခင်သည် ယုံကြည်သူတို့ကို မိမိနှင့်မည်ကဲ့သို့ဖြောင့်မှန်စွာဆက်ဆံရမည်ဖြစ်ကြောင်းဧဝံဂေလိကျမ်းစာတွင်ဖော်ပြသည်ဆိုသောအချက်ပင်ဖြစ်သည်။ ဘဝသက်တာ အစမှ အဆုံးတိုင်အောင် ဘုရားသခင်ကို ယုံကြည်ကြရပေမည်ဖြစ်သည်။*
*(ရောမ – ၁း၁၇)*

*ထို့နောက်* ***ပေါလုသည်*** *ဤဩဝါဒစာ၏ အဓိကအကြောင်းကို အကျယ်တဝင့် တင်ပြထားသည်။* ***ဂျူး****လူမျိုးများနှင့် လူမျိုးခြားများ အပါအဝင်အားလုံးသော လူသားများသည် အပြစ်ဒုစရိုက်၏အာဏာစက်အောက်တွင် ရှိနေကြသူများဖြစ်သည့်အလျောက် ဘုရားသခင်နှင့်အသစ်တဖန်ဖြောင့်မှန်စွာဆက်သွယ်ခြင်းမှ ခရစ်တော်နှင့် ပါဝင်ပေါင်းစည်းသည့် ဘဝသစ်ကိုရရှိလာကြောင်း တင်ပြထားသည်။ ယုံကြည်သူသည် ဘုရားသခင်နှင့် ငြိမ်းချမ်းမှုရရှိပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် အပြစ်နှင့်သေခြင်း၏ဩဇာလွှမ်းမိုးမှုမှလွတ်မြောက်ခြင်းခံရ၏။ အခန်း – ၅ နှင့် ၈ တို့တွင်* ***ပေါလုသည်*** *ပညတ်တရားတော်၏ ရည်ရွယ်ချက်နှင့် ယုံကြည်သူ၏ ဘဝသက်တာ၌ ဘုရားသခင်ဝိညာဉ်တော်၏ တန်ခိုးတော်အကြောင်းတို့ကို ဆွေးနွေး တင်ပြထားသည်။ ထို့နောက် လူသားအားလုံးအတွက် ဘုရားသခင်၏ စီမံတော်မူခြင်းတွင်* ***ဂျူး****လူမျိုးများနှင့် လူမျိုးခြားတို့ မည်သို့ပါဝင်ကြောင်းကို* ***ပေါလုသည်*** *ကြိုးစား၍ တင်ပြထား၏။ ခရစ်တော်****ယေရှု****အား* ***ဂျူး****လူမျိုးတို့ ငြင်းပယ်ခြင်းသည် လူသားအားလုံးကို ခရစ်တော်၌ ဘုရားသခင်၏ ကျေးဇူးတော်များ ရရှိနိုင်ရန် ဖြစ်ပေါ်စေသော ဘုရားသခင်၏ စီမံကိန်းအစိတ်အပိုင်းတစ်ရပ်ဖြစ်၏။* ***ဂျူး****လူမျိုးများသည် ခရစ်တော်အား အစဉ်အမြဲ ပစ်ပယ်လိမ့်မည်မဟုတ်ဟု သူယုံကြည်ထား သည်။ အဆုံးပိုင်းတွင် ခရစ်ယာန်ဘဝသက်တာကို မည်ကဲ့သို့ ရှင်သန်နေထိုင်သင့်ကြောင်း၊ အထူးသဖြင့် အခြားသူများနှင့်ဆက်ဆံရာတွင် မေတ္တာတရားကိုကျင့်သုံးသင့်ကြောင်း ရေးသားဖော်ပြထားသည်။ ဤကဲ့သို့တင်ပြသည့်အဓိကအကြောင်းအရာများမှာဘုရားသခင်အားအစေခံခြင်း၊မိမိတို့တိုင်းပြည်အတွက်နှင့်အချင်းချင်းတို့အတွက် ပြုအပ်သောခရစ်ယာန်များ၏တာဝန်ဝတ္တရားများ၊ ဩတ္တပ္ပစိတ်နှင့် သက်ဆိုင်သည်ပြဿနာများတို့ပင်ဖြစ်သည်။ ထို့နောက်****ပေါလု****သည်မိမိ၏နှုတ်ခွန်းဆက်အမှာစကားများဖြင့်နှင့် ဘုရားသခင်ကို ချီးမွမ်းဂုဏ်ပြုသောစကားများဖြင့် ဤစာစောင်ကို နိဂုံးချုပ်ခဲ့လေသည်။*

## အကြောင်းအရာအကျဉ်းချုပ်

*–နိဒါန်းနှင့်အဓိကအကြောင်းအရာ၁း၁–၁၇*
*–ကယ်တင်တော်မူခြင်းကို လူသားတို့လိုအပ်ကြောင်း ၁း၁၈–၃း၂၀*
*–ဘုရားသခင်၏ကယ်တင်ခြင်းနည်းလမ်း ၂–၃း၂၁၊ ၄း၂၅*
*–ခရစ်တော်၌ ဘဝသစ်ထူထောင်ခြင်း ၅း၁၊ ၈း၃၉*
*–ဘုရားသခင်၏စီမံမှုတွင်အစ္စရေးလူမျိုးတို့ပါဝင်ခြင်း ၉း၁၊ ၁၁း၃၆*
*–ခရစ်ယာန်တို့၏ ကိုယ်ကျင့်တရား ၁၂း၁၊ ၁၅း၁၃*
*–နိဂုံးနှင့်နှုတ်ခွန်းဆက်စကား ၁၅း၁၄၊ ၁၆း၂၇*

# အခန်းကြီး (၁)

၁။ **ယေရှု**ခရစ်တော်၏ အစေခံဖြစ်၍၊ ဘုရားသခင်၏
ဧဝံဂေလိသတင်းကောင်းကို ကြေငြာရန်တမန်တော်
အဖြစ်ရွေးချယ်ခန့်ထားခြင်းခံရသော ငါ**ပေါလု**သည်
၂။ သင်တို့ကို စာရေးလိုက်သည်။ ဘုရားသခင်သည် ထို
သခင်ကောင်းကို ရှေးအခါကပင် မိမိ၏ပရောဖက်များ
အားဖြင့်ကြိုဆိုကတိထားတော်မူကြောင်းကို သန့်ရှင်း
သောသမ္မာကျမ်းစာတော်မြတ်တွင် ဖော်ပြထားခဲ့၏။
၃။ သတင်းကောင်းသည်ကား၊ ဘုရားသခင်၏သားတော်
ငါတို့သခင်**ယေရှု**ခရစ်တော်အကြောင်းပင်ဖြစ်၍၊ ထို
သခင်သည် လူ့ဇာတိအားဖြင့် **ဒေးဗစ်**မင်းကြီးမှဆင်း
၄။ သက်လာတော်မူခဲ့၏။ ဘုရားဇာတိတော်တွင်မူကား၊
ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အား
ဖြင့်သူ့ကိုသေခြင်းမှရှင်ပြန်ထမြောက်စေသောကြောင့်
ဘုရား၏သားတော်ဖြစ်ကြောင်း ထင်ရှားစေတော်မူခဲ့
၅။ ၏။ ကိုယ်တော်အားဖြင့် ငါတို့သည် လူမျိုးအပေါင်း
တို့အလယ်တွင် ကိုယ်တော်၏နာမတော်အတွက် ယုံ
ကြည်နာခံခြင်းကို ကြေငြာဟောပြောနိုင်လျှင် ကျေး
ဇူးတော်နှင့်တမန်တော်အဖြစ်ကို ခံယူရရှိခဲ့ကြ၏။
၆။ သင်တို့သည်လည်း **ယေရှု**ခရစ်တော်၏ တပည့်များ
ဖြစ်ရန် ရွေးကောက်ခြင်းခံရသူတို့တွင်အပါအဝင်ဖြစ်
၇။ ကြ၏။ ဘုရားသခင်ချစ်မြတ်နိုးတော်မူ၍၊ သန့်ရှင်း
သူများအဖြစ် ရွေးကောက်ခြင်းခံရသော **ရောမ**မြို့သူ
မြို့သားအပေါင်းတို့အပေါ်၌ငါတို့အဖဘုရားသခင်နှင့်
ငြိမ်းချမ်းသာယာခြင်း သက်ရောက်ပါစေသော်။

## ဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း

၈။ သင်တို့၏ယုံကြည်ခြင်းသည် ကမ္ဘာတစ်ဝှမ်းလုံးတွင်
ကြေငြာဟောပြောခြင်းခံရသောကြောင့် ငါသည် **ယေ
ရှု**ခရစ်တော်ကို အမှီပြု၍၊ သင်တို့အားလုံးအတွက်
၉။ ပထမဦးစွာ ဘုရားသခင်ကိုချီးမွမ်းပါ၏။ ငါသည်
ဆုတောင်းပတ္ထနာပြုသောအခါ၊ သင်တို့ကိုအစဉ်အမြဲ
သတိရကြောင်း၊ သားတော်၏သတင်းကောင်းကို
ကြေငြာလျက် စိတ်နှလုံးအကြွင်းမဲ့ ငါအစေခံသော
၁၀။ ဘုရားသခင်သည် သက်သေဖြစ်တော်မူပါ၏။ ဘုရား
သခင်အလိုတော်ရှိပါလျှင် မကြာမီ သင်တို့ထံသို့လာ
၁၁။ ရောက်နိုင်ရန် ငါဆုတောင်းပါ၏။ သင်တို့၌ခွန်အား
ပြည့်ဝစေရန် ငါသည် ဝိညာဉ်ကျေးဇူးတော်များကို
ဝေငှလိုသဖြင့် သင်တို့နှင့်တွေ့ဆုံလိုသည်ဆန္ဒ ငါ၌
၁၂။ ရှိပါ၏။ ဤသို့ဖြင့် ငါတို့သည်တစ်ဦးစီ၏ ယုံကြည်
ခြင်းကြည်ခြင်းအားဖြင့် တစ်ဦးကိုတစ်ဦး အပြန်
၁၃။ အလှန်အားပေးနှစ်သိမ့်နိုင်ကြလိမ့်မည်။ ညီအစ်ကို
တို့ ငါသည် လူမျိုးခြားတို့အလယ်၌ အမှုတော်ထမ်း
ဆောင်ရာတွင် အောင်မြင်ခဲ့သည့်နည်းတူ သင်တို့
အလယ်တွင်လည်း အောင်မြင်ခြင်းငှာ သင်တို့ထံသို့
လာရောက် မကြာခဏရည်ရွယ်ခဲ့ကြောင်း သင်တို့
သိစေလိုပါသည်။ သို့သော် ယနေ့တိုင်အောင်
၁၄။ အကြောင်းမညီညွတ်၍ မလာဖြစ်ပေ။ ဂရိလူမျိုးဖြစ်
စေ၊ ရိုင်းစိုင်းသူဖြစ်စေ၊ ပညာရှိသူဖြစ်စေ၊ ပညာမဲ့သူ
ဖြစ်စေ၊ အားလုံးသောသူတို့အတွက် ငါ၌တာဝန်ရှိပါ
၁၅။ ၏။ ထို့ကြောင့် ငါသည် **ရောမ**မြို့တွင်ရှိသော သင်
တို့အားလည်းဧဝံဂေလိသတင်းကောင်းကို ဟောပြော
ရန် စိတ်အားထက်သန်လျက်ရှိ၏။

## ဧဝံဂေလိသတင်းကောင်း၏တန်ခိုးတော်

၁၆။ ငါသည် ဧဝံဂေလိသတင်းကောင်းအတွက် ရှက်
ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ဧဝံဂေလိသတင်း
ကောင်းသည် ပထမဦးစွာ **ဂျူး**လူမျိုးများ၊ ထို့နောက်
**ဂရိ**လူမျိုးများတွင် ယုံကြည်သူအပေါင်းတို့အားကယ်
တင်သော ဘုရားသခင်၏ကျေးဇူးတော်ဖြစ်၏။
၁၇။ အကြောင်းမူကား၊ ဖြောင့်မတ်သောသူသည် ယုံကြည်
ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာ
သည့်အတိုင်း ဧဝံဂေလိသတင်းတော်၌ ဘုရားသခင်
၏ ဖြောင့်မတ်တော်သည် ယုံကြည်ခြင်းအားဖြင့် ယုံ
ကြည်ခြင်းအတွက် ထုတ်ဖော်ပြခြင်းခံရ၏။

## လူတို့၏အပြစ်မကောင်းမှု

၁၈။ အမှန်တရားကို အတင်းအဓမ္မပိတ်ပင်သော ဘုရားမဲ့
ခြင်းနှင့်ဆိုးယုတ်မာခြင်းရှိသူတို့အပေါ်သို့ ကောင်း
ကင်မှ ဘုရားသခင်၏အမျက်တော်သက်ရောက်နေ
၁၉။ ကြောင်းထင်ရှားစွာ ဖော်ပြလေပြီ။ အကြောင်းမူကား၊
ဘုရားသခင်အကြောင်းကို သိနိုင်သောအရာတို့သည်
သူတို့အတွက် ထင်ရှားလျက်ရှိ၏။ အဘယ်ကြောင့်
ဆိုသော် ဘုရားသခင်သည် သူတို့အားဖော်ပြတော်မူ
၂၀။ သောကြောင့်ဖြစ်၏။ ကိုယ်တော်၏တန်ခိုးတော်နှင့်
ဘုရားအဖြစ်တော်တို့ကို မျက်စိဖြင့် မမြင်နိုင်သော်
လည်း၊ ကမ္ဘာမိုးမြေကိုဖန်ဆင်းတော်မူသောကာလ
ကတည်းကပင် ကိုယ်တော်ဖန်ဆင်းရာများကို ကျွန်ုပ်

တို့ သိမြင်နားလည်ခဲ့ကြပါစေ။ ထို့ကြောင့် ထိုသူတို့
ကျူးလွန်သောအပြစ်များအတွက် ဆင်ခြေပေးစရာ
၂၁။ မရှိပေ။ အကြောင်းမူကား၊ သူတို့သည် ဘုရားသခင်
ကိုသိကြသော်လည်း ကိုယ်တော်ကိုဘုရားအဖြစ် ချီး
မွမ်းထောမနာပြုကြ။ ကိုယ်တော်ကို ကျေးဇူးမတင်ကြ
ချေ။ သူတို့သည်အကျိုးမဲ့သောအရာတို့ကိုတွေးတော
ဆင်ခြင်ကြ၍၊ သူတို့၏အသိဉာဏ်ကင်းမဲ့သော စိတ်
နှလုံးများသည် အမှောင်ထုဖုံးလွှမ်းလျက်ရှိ၏။
၂၂။ သူတို့သည် မိမိကိုယ်ကို ပညာရှိဟုဆိုကြသော်လည်း
၂၃။ ပညာမဲ့သူများဖြစ်ကြ၏။ သေခြင်းတရားကင်းသော
ဘုရားသခင်၏ဘုန်းဂုဏ်တော်ကိုပယ်၍ သေမျိုးဖြစ်
သော လူနှင့်တူသောရုပ်တုများ၊ ငှက်များ၊ ခြေလေး
ချောင်းသတ္တဝါများနှင့်ထွားသွားသတ္တဝါများကို ချီး
၂၄။ မြှောက်ကြ၏။ ထို့ကြောင့် ဘုရားသခင်သည် သူတို့
၏စိတ်နှလုံးမှတပ်မက်မှုများကို ကိလေသာစိတ်ဆွဲ
ဆောင်ရာသို့လည်းကောင်း၊ သူတို့အချင်းချင်း၏
ကိုယ်ခန္ဓာအသရေပျက်စေခြင်းသို့လည်းကောင်း စွန့်
၂၅။ ပစ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည်
ဘုရားသခင်၏အကြောင်းအမှန်တရားကို လိမ်လည်
လှည့်ဖြားခြင်းနှင့် လဲလှယ်ကြ၏။ အစဉ်ချီးမွမ်းထော
မနာပြုခြင်းခံရသော ဘုရားသခင်ကိုငြင်းပယ်၍၊ ဖန်
၂၆။ ဆင်းခံရာများကိုဝတ်ပြုကိုးကွယ်ကြ၏။ဤအကြောင်း
ကြောင့် ဘုရားသခင်သည်သူတို့ကိုရှက်ကြောက်ဖွယ်
သောကိလေသာလက်သို့ပ အပ်လိုက်တော်မူ၏။ သူ
တို့၏မိန်းမများသည် ဓမ္မတာအလျောက်လိင်ဆက်ဆံ
ခြင်းကို စွန့်၍ဓမ္မတာနှင့်ဆန့်ကျင်သောဆက်ဆံခြင်း
၂၇။ ကိုပြုကြ၏။ ထိုနည်းတူပင်ယောကျ်ားတို့သည်လည်း
ဓမ္မတာအလျောက် အမျိုးအမီးနှင့်ဆက်ဆံသောထုံးစံ
ကိုစွန့်ပယ်၍ ရာဂမီးတောက်လောင်သောအချင်းချင်း
စွဲလမ်းမှုကိုပြုကြ၏။ ယောကျ်ား အချင်းချင်းသည်
ရှက်ကြောက်ဖွယ်ရာ အမှုတို့ကို ကျူးလွန်ကြသော
ကြောင့် မိမိတို့၏ဆိုးညစ်သော အကျင့်အတွက်
၂၈။ ထိုက်သင့်သော အပြစ်ဒဏ်ကို ခံကြရ၏။ ထိုသူတို့
သည် ဘုရားသခင်ကို အသိအမှတ်ပြုရန် မလိုလား
သောကြောင့် ဘုရားသခင်သည် သူတို့ကိုနိမ့်ညံ့သော
တွေးခေါ်ကြံစည်ခြင်းကို စွန့်ပစ်တော်မူသဖြင့် သူတို့
သည် မပြုသင့်၊ မဖြစ်သင့်ရာများကို ပြုကျင့်ကြ၏။
၂၉။ သူတို့သည်ဆိုးညစ်မှားယွင်းမှု အမျိုးမျိုးဖြင့်ပြည့်နှက်
လျက် ဆိုးမိုက်ခြင်း၊ မတရားသော မေထုန်မှီဝဲခြင်း၊
လောဘလွန်ကျူးလွန်ခြင်း၊ မနာလိုခြင်း၊ လူ့အသက်
ကိုသတ်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ လှည့်ဖြားခြင်း၊ ရန်
ငြိုးထားခြင်းနှင့် အတင်းအဖျင်းပြောခြင်း ကုန်းချော
၃၀။ ခြင်း။ အသရေပျက်အောင်ပြောဆိုခြင်း၊ဘုရားသခင်
ကို ထိခိုက်စော်ကားခြင်း၊ ကြမ်းတမ်းစော်ကားခြင်း၊
မာနထောင်လွှားခြင်း၊ ကြွားဝါခြင်း၊ မကောင်းရာကို
၃၁။ တည်ထွင်ကြံစည်ခြင်း၊ မိဘကိုပုန်ကန်ခြင်း။ ရူးမိုက်
ခြင်း၊ ကတိသစ္စာမတည်ခြင်း၊ ကြင်နာသနားစိတ်
မရှိခြင်း၊ ရိုင်းစိုင်းခြင်း စသည်အပြစ်များကို ကျူး
၃၂။ လွန်ကြ၏။ ဤအကျင့်များရှိသူတို့သည် သေထိုက်
သည်ဟု ဘုရားသခင်စီရင်တော်မူကြောင်းကို သိကြ
လျက် မိမိတို့ကိုယ်တိုင်ကျူးလွန်ကြ၏။ ဤအကျင့်
များရှိသူတို့သည် သေထိုက်သည်ဟု ဘုရားသခင်စီ
ရင်တော်မူကြောင်း သူတို့သိကြလျက် မိမိတို့ကိုယ်
တိုင်ကျူးလွန်သည်သာမက ထိုသို့ကျူးလွန်သောသူ
များကို အားပေးအားမြှောက်ပြုကြ၏။

## အခန်းကြီး (၂)

## ဘုရားသခင်ချမှတ်သည့် တရားစီရင်ချက်

၁။ သူတစ်ပါးကို စစ်ကြောစီရင်တတ်သောသူ၊သင်သည်
မည်သူပင်ဖြစ်စေကာမူ သူတစ်ပါးအား စီရင်နိုင်
သောအခြေအနေတွင်မရှိ။ အကြောင်းမူကား၊ သင်
သည်သူတစ်ပါးကဲ့သို့ အပြစ်ကျူးလွန်သူဖြစ်လျက်
နှင့် သူတစ်ပါးအား အပြစ်စီရင်လျှင် မိမိကိုယ်တိုင်
၂။ အားလည်း အပြစ်စီရင်ရာရောက်၏။ ထိုကဲ့သို့သော
အကျင့်ဆိုးများကို ပြုကျင့်သူတို့အပေါ်သို့ ဘုရား
သခင်၏စီရင်ချက်တို့သည် ဖြောင့်မတ်မှန်ကန်စွာ
ကျရောက်တတ်ကြောင်းကိုငါတို့အသိပင်ဖြစ်သည်ဟု
၃။ သင်တို့ဆိုကြ၏။ သင်မည်သူပင်ဖြစ်၏။ ထိုသို့သော
အမှုကို ကိုယ်တိုင်ပြုလျက်ပင် သူတစ်ပါးပြုသည်ကို
စစ်ကြောစီရင်သောသူသင်သည် ဘုရားသခင်၏စီရင်
တော်မူခြင်းနှင့်ကင်းလွတ်လိမ့်မည်ဟု သင်မှတ်ပါ
၄။ သလော။ ဘုရားသခင်၏ ကျေးဇူးတော်သည် သင့်
အား နောင်တလမ်းသို့ခေါ်ဆောင်နေသည်ကို မသိ
မမှတ်ဘဲ၊ ကိုယ်တော်၏ကြွယ်ဝစွာ ကျေးဇူးပြုတော်မူ
ခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းကို
၅။ မထီမဲ့မြင်ပြုပါသလော။ ထိုသို့ပြုလျှင် သင်၏ခေါင်း
မာ၍နောင်တမရသောကြောင့် သင်သည်အမျက်တော်
ကို သင့်အပေါ်စုပုံစေ၏။ ဘုရားသခင်၏အမျက်

တော်ပေါ်လွင်ထင်ရှားလျက်၊ဖြောင့်မှန်စွာတရားစီရင်
တော်မူသောနေ့ရက်၌ သင်သည်ပိုမိုကြီးလေးသော
၆။ အပြစ်ဒဏ်ကိုခံရလိမ့်မည်။ အကြောင်းမူကား၊ ထိုနေ့
ရက်၌ ဘုရားသခင်သည် လူအသီးသီးတို့အား၊ မိမိ
တို့အကျင့်နှင့်အလျောက် အကျိုးအမြတ်ကိုဆပ်ပေး
၇။ တော်မူလတ္တံ့။ ကောင်းသောအကျင့်ကို စွဲစွဲမြဲမြဲကျင့်
လျက် ဘုန်းအသရေကိုလည်းကောင်း၊ ဂုဏ်အသရေ
ကိုလည်းကောင်း၊ သေခြင်းကင်းသော ဘဝကိုလည်း
ကောင်း ရှာကြသူတို့အား ဘုရားသခင်သည် ထာဝရ
၈။ အသက်ကိုပေးတော်မူလိမ့်မည်။ သို့ရာတွင်တစ်ကိုယ်
ကောင်း သဘောရှိ၍ အမှန်တရားကိုပစ်ပယ်ကာ
မတရားသဖြင့်ကျင့်သော သူတို့မူကား၊ အမျက်တော်
၉။ သင့်လိမ့်မည်။ ပထမ**ဂျူး**လူမျိုးများ၊ ထို့နောက် **ဂရိ**
လူမျိုးတို့တွင်ဒုစရိုက်ကိုပြုသူအပေါင်းတို့သည် ဆင်း
ရဲဒုက္ခနှင့်နာကျင်ခြင်း ဝေဒနာခံရကြလိမ့်မည်။
၁၀။ ကောင်းမှုပြုသောသူတို့အား ဘုရားသခင်သည် ဘုန်း
အသရေကိုလည်းကောင်း၊ ငြိမ်သက်ခြင်းကိုလည်း
ကောင်း၊ ခံစားတော်မူလိမ့်မည်။ ဦးစွာပထမ **ဂျူး**
လူမျိုးများဖြစ်ပြီး၊ **ဂရိ**များလည်း ပါဝင်သည် ။
၁၁။ အကြောင်းမူကား၊ ဘုရားသခင်သည်ဘက်လိုက်ခြင်း
၁၂။ မရှိဘဲ၊ တရားသဖြင့် စီရင်တော်မူ၏။ ပညတ်တရား
ကို မသိဘဲ၊ ပြစ်မှားသောသူတို့သည် ပညတ်တရား
မဲ့စွာ ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။ ပညတ်
တရားကိုသိလျက်နှင့်ပြစ်မှားသောသူတို့သည်ပညတ်
၁၃။ တရားကိုစီရင်ခြင်းကို ခံရကြလိမ့်မည်။ အကြောင်းမူ
ကား၊ ပညတ်တရားကိုကြားနာသောသူသည် ဘုရား
သခင်၏ရှေ့မှောက်၌ ဖြောင့်မတ်ရာသို့ရောက်လိမ့်
၁၄။ မည်။လူမျိုးခြားတို့သည် ပညတ်တရားကိုမသိရှိကြ
သော်လည်း ပညတ်တရား၏ ပြဋ္ဌာန်းချက်များကို
မိမိတို့အလိုဆန္ဒအလျောက် ပြုကျင့်ကြသောအခါ၊
ယင်းတို့သည် မိမိတို့အဖို့ ပညတ်တရားဖြစ်လာ၏။
၁၅။ ပညတ်တရား၏ ပြဋ္ဌါန်းချက်များသည်သူတို့၏နှလုံး
သားတွင် ရေးသားထားလျက်ရှိကြောင်းကို သူတို့၏
အပြုအမူအားဖြင့်လည်းကောင်း၊ သြတ္တပ္ပစိတ်အားဖြင့်
လည်းကောင်း သက်သေခံကြ၏။ အကြောင်းမှာသူ
တို့၏စိတ်နှလုံးသည်တစ်ခါတစ်ရံသူတို့ကိုအပြစ်တင်
၍၊ တစ်ခါတစရံလည်း သူတို့ကိုခွင့်လွှတ်ကြ၏။
၁၆။ သို့ဖြစ်၍၊ ငါဟောပြောသောဧဝံဂေလိသတင်းကောင်း
အတိုင်း၊ တရားစီရင်တော်မူသောနေ့၌ ဘုရားသခင်
သည်**ယေရှု**ခရစ်တော်အားဖြင့် လူခပ်သိမ်းတို့၏ လျှို့
ဝှက်သော အကြံအစည်များကို ထိုသို့စစ်ဆေးစီရင်
တော်မူလိမ့်မည်။

## ဂျူးလူမျိုးများနှင့်ပညတ်တရား

၁၇။ သင်သည် မိမိကိုယ်ကို **ဂျူး**လူမျိုးဖြစ်သည်ဟုဆိုပြီး၊
ပညတ်တရားကို အားကိုးလျက် ဘုရားသခင်
၁၈။ အကြောင်းကိုဝါကြွားသူဖြစ်၏။ဘုရားသခင်၏အလို
တော်ကိုသိသောသူဖြစ်၏။ ပညတ်တရား၏သွန်သင်
လမ်းညွှန်မှုအားဖြင့် အမှန်ကိုသိမြင်လာသူဖြစ်၏။
၁၉။ မိမိသည်မျက်မမြင်တို့၏လမ်းပြ၊ အမှောင်တွင်ရှိ
၂၀။ သောသူတို့၏အလင်း လူမိုက်တို့ကို ဆုံးမတတ်သော
နည်းပြ၊ မသိနားမလည်သူတို့ကိုသွန်သင်တတ်သော
ဆရာဖြစ်ကြောင်းကို အမှန်ပင် သင်ယုံကြည်၏။
ပညတ်တရားသည် အသိပညာနှင့်သမ္မာတရား အား
လုံးစုံတို့ကို ကိုယ်စားပြုသည်ကိုလည်းသေချာစွာသိ
၂၁။ ၏။ သင်သည် သူတစ်ပါးတို့အားသွန်သင်ဆုံးမသူ
ဖြစ်လျက် အဘယ်ကြောင့် မိမိကိုယ်ကို မသွန်သင်၊
မဆုံးမပါသနည်း။ ဥစ္စာကိုမခိုးနှင့်ဟု သွန်သင်ဟော
ပြောလျက်ပင်၊ အဘယ်ကြောင့် ကိုယ်တိုင်ပြစ်မှား
၂၂။ ပါသနည်း။ သူ့မယားကို မပြစ်မှားနှင့်ဟုဆိုလျှင်ပင်
အဘယ်ကြောင့်ကိုယ်တိုင် ပြစ်မှားပါသနည်း။ ရုပ်တု
ကိုစက်ဆုပ်ရွံ့ရှာလျက်နှင့်ပင် အဘယ်ကြောင့် ဗိမာန်
၂၃။ များကို လုယူဖျက်ဆီးပါသနည်း။ ပညတ်တရားကို
အမှီပြု၍ ဂုဏ်ယူဝါကြွားလျက်ပင် အဘယ်ကြောင့်
ထိုတရားကိုလွန်ကျူးခြင်းအားဖြင့် ဘုရားသခင်၏
၂၄။ ဂုဏ်သရေတော်ကို ရှုတ်ချပါသနည်း။ ကျမ်းစာတော်
၌လာသည်ကား၊ လူမျိုးခြားတို့သည် သင်တို့ကြောင့်
ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့တတ်ကြ၏ဟုလာ
၂၅။ သနည်း။ သင်သည်ပညတ်တရားကိုကျင့်စောင့်ထိန်း
သူဖြစ်ပါလျှင် သင်၏အရေဖျားလှီးခြင်းမင်္ဂလာသည်
အဓိပ္ပာယ်ရှိ၏။ သို့ရာတွင် အကယ်၍၊ ပညတ်တရား
ကို လွန်ကျူးသူဖြစ်ပါက သင်အရေဖျားလှီးခြင်းမင်္ဂ
လာခံခြင်းသည် အရေဖျားလှီးခြင်းမင်္ဂလာကိုမခံခြင်း
၂၆။ ကဲ့သို့ဖြစ်လိမ့်မည်။ ထို့ကြောင့် အရေဖျားလှီးခြင်း
မင်္ဂလာကိုမခံသောလူမျိုးခြားတစ်ဦးသည် ပညတ်
တရားပြဋ္ဌာန်းချက်များကို ထိန်းသိမ်းလိုက်နာခဲ့ပါ
လျှင် ထိုသူအားအရေဖျားလှီးခြင်း မင်္ဂလာခံယူသူကဲ့
၂၇။ သို့ မှတ်ယူတော်မူသည် မဟုတ်လော့။ အရေဖျားလှီး
ခြင်းကို မခံသော သူတို့သည်လည်း ကိုယ့်အလို
အလျောက်ပညတ်တရားကိုကျင့်ကြလျှင် ကျမ်းစာနှင့်

အရေဖျားလှီးခြင်းရှိလျက်ပင် ပညတ်တရားကို ကျူး
လွန်သောသင့်ကို အပြစ်စီရင်ကြပေလိမ့်မည်။
၂၈။ အကြောင်းမူကား၊ ပြင်ပအားဖြင့် ဂျူးလူမျိုးဖြစ်သော
သူတစ်ဦးသည်ဂျူးလူမျိုးအစစ်အမှန်မဟုတ်။ အပြင်
အပအားဖြင့်သာမိမိအသားကိုအရေဖျားလှီးခြင်းသည်
၂၉။ အရေဖျားလှီးခြင်း အစစ်အမှန်မဟုတ်ချေ။ သူ့အား
ဂျူးလူမျိုးဖြစ်စေသည့်အရာမှာရေးသားထားသော
ပညတ်တရားကြောင့် မဟုတ်။ ဘုရားသခင်၏စိတ်
ဝိညာဉ်ကသာလျှင်လူကိုအတွင်းစိတ်သဘောအားဖြင့်
ဂျူးလူမျိုးဖြစ်စေတော်မူ၏။ထိုသို့သောသူသည်လူတို့
ထံမဟုတ်၊ ဘုရားသခင်ထံတော်မှလာသော ချီးမွမ်း
ခြင်းကိုခံရသတည်း။

## အခန်းကြီး (၃)

၁။ ထိုသို့ဖြစ်လျှင်၊ ဂျူးလူမျိုးသည် လူမျိုးခြားတို့ထက်
မည်ကဲ့သို့ သာလွန်သနည်း။ အရေဖျားလှီးခြင်းမင်္ဂ
လာခံယူခြင်းအားဖြင့် မည်သည့်အကျိုးရှိသနည်း။
၂။ အဘက်ဘက်၌ အကျိုးကျေးဇူးများစွာရှိ၏။ အဘက်
ဘက်၌ အကျိုးကျေးဇူးများစွာရှိ၏။ ထူးမြတ်သော
ကျေးဇူးဟူမူကား၊ ပထမဦးစွာ ဂျူးလူမျိုးတို့သည်
ဘုရားသခင်၏ဗျာဒိတ်တော်များကို ခံယူရရှိကြ၏။
၃။ အကယ်၍၊ ထိုသူတို့တွင် အချို့တို့သည် သစ္စာမဲ့ကြ
လျှင် မည်သို့ဆိုမည်နည်း။ သူတို့၏သစ္စာမရှိခြင်း
သည် ဘုရားသခင်၏သစ္စာတည်ခြင်းကိုဖျက်နိုင်စွမ်း
၄။ ရှိသလော။ မည်သည့်နည်းနှင့်မျှ မဖျက်နိုင်ရာ။ သို့
ဖြစ်၍၊ ကိုယ်တော်မိန့်တော်မူချက်တို့သည်ဖြောင့်မတ်
၅။ မှန်ကန်ပါ၏။ သို့ရာတွင် ငါတို့၏ဒုစရိုက်အပြုအမူ
များသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်
ကိုပိုမိုထင်ရှားစေပါလျှင်၊ငါတို့မည်သို့ဆိုရမည်နည်း၊
ငါတို့ကို အမျက်ထွက်၍ဒဏ်ပေးတော်မူသောအခါ၊
ကိုယ်တော်သည် တရားမျှတမှုမရှိဟုဆိုနိုင်ပါမည်
လော။ ဤသို့ဆိုလျှင် လူတို့အတိုင်း ငါဆိုခြင်းဖြစ်
၆။ ၏။ ဘုရားသခင်သည် တရားမျှတမှုမရှိဟူ၍ မည်
သည့်နည်းနှင့်မျှမဆိုနိုင်။ အကယ်၍ကိုယ်တော်သည်
တရားမျှတမှုမရှိသူဟု ဆိုပါလျှင် လောကသားတို့ကို
၇။ မည်သို့စစ်ကြောစီရင်တော်မူမည်နည်း။ အကယ်၍၊
ငါ၏သစ္စာမဲ့မှုသည် ဘုရားသခင်၏သစ္စာတော်ကိုပိုမို
ထင်ရှားစေပြီး၊ ကိုယ်တော်၏ဘုန်းဂုဏ်တော်ကို
တောက်ပစေပါသည်ဟုဆိုပါလျှင် ငါသည် အဘယ်
ကြောင့် အပြစ်ရှိသူအဖြစ် တရားစီရင်ခြင်းကို ခံရပါ
၈။ သနည်း။ ကောင်းသောအကျိုးကို ဖြစ်ပေါ်စေရန်၊
မကောင်းသောအကျိုးကို ဖြစ်ပေါ်စေရန်၊ မကောင်း
သောအကျိုးကို ဖြစ်ပေါ်စေရန် မကောင်းသောအကျင့်
ကို ကျင့်ကြကုန်အံ့ဟု ဆိုရမည်လော။ လူအချို့တို့က
ဤကဲ့သို့ပင် ငါပြောဆိုသည်ဟူ၍ဆိုကာ ငါ့အား
ပြစ်တင်ကဲ့ရဲ့စော်ကားခဲ့ကြပြီ။ ထိုသူတို့သည် အပြစ်
ဒဏ်စီရင်ခြင်းကို အမှန်ပင်ခံထိုက်ပေမည်။

## ဖြောင့်မတ်သောသူ တစ်စုံတစ်ယောက်မျှမရှိ

၉။ သို့ဖြစ်လျှင် မည်သို့ဆိုမည်နည်း။ ငါတို့သည် မြင့်
မြတ်သောသူများဖြစ်သလောဟု မေးမြန်းသော်မည်
သို့မျှသာ လွန်မြင့်မြတ်သည့်အခြေအနေ၌ မရှိကြ။
အကြောင်းမူကား၊ ဂျူးနှင့်ဂရိအပါအဝင် လူအားလုံး
တို့သည် အပြစ်၏အာဏာစက်အောက်တွင်ရှိကြောင်း
၁၀။ ကို အထက်ကဖော်ပြခဲ့ပြီးဖြစ်သည်။ ကျမ်းစာတော်၌
လာသည်ကား၊ ဖြောင့်မတ်သောသူမရှိ။ တစ်ယောက်
၁၁။ မျှမရှိ။ ဉာဏ်ပညာရှိသူမရှိ။ ဘုရားသခင်ကိုရှာသော
၁၂။ သူလည်းမရှိ။ လူအပေါင်းတို့သည် ကိုယ်တော်ကို
ကျောခိုင်းသွားကြလေပြီ။ သူတို့အားလုံးလမ်းမှားသို့
ရောက်ကြလေပြီ။ ကောင်းသောအကျင့်ကိုပြုကျင့်သူ
၁၃။ ဟူ၍မရှိ။ တစ်ယောက်မျှမရှိ။ သူတို့၏လည်းချောင်း
တို့သည် ဖွင့်ထားသော သင်္ချိုင်းတွင်းများဖြစ်ကြ၏။
သူတို့လိမ်လည်လှည့်ဖြားရန် နှုတ်လျှာကိုအသုံးပြုကြ
၁၄။ ၏။ သူတို့၏နှုတ်ခမ်းများထဲ၌ မြွေဆိုး၏အဆိပ်
အတောက်များရှိ၏။ သူတို့၏နှုတ်သည် ကျိန်ဆဲ
သောစကား၊ ကြမ်းတမ်းသောစကားများနှင့်ပြည့်ဝ
၁၅။ လျက်ရှိ၏။ သူတို့၏ခြေသည် လူ့အသက်ကိုသတ်
၁၆။ ခြင်းငှာလျင်မြန်၏။ သူတို့သွားရာလမ်း၌ပျက်စီးခြင်း
၁၇။ နှင့်ဒုက္ခဆင်းရဲခြင်းရှိ၏။ သူတို့သည် ငြိမ်းချမ်းရေး
၁၈။ လမ်းစဉ်ကိုမသိကြ။ သူတို့မျက်စိရှေ့၌ ဘုရားသခင်
၁၉။ ကိုကြောက်ရွံ့ခြင်းမရှိဟူ၍ လာသတည်း။ ပညတ်
တရားတွင် ပါရှိသည့် ပြဋ္ဌာန်းချက်မှန်သမျှသည်
ပညတ်တရား၏ စိုးမိုးမှုအောက်တွင်ရှိနေသော ဂျူး
လူမျိုးများကိုသာဖြစ်ဆိုကြောင်း ယခုငါတို့သိကြ၏။
သို့ဖြစ်၍ လောကီသားအပေါင်းတို့သည်ဘုရားသခင်
၏အပြစ်စီရင်ခြင်းကို တစ်ခွန်းမျှ မပြောဘဲ ခံသင့်
၂၀။ သော သူများဖြစ်ကြ၏။ ပညတ်တရားအားဖြင့် ဒုစ
ရိုက်အပြစ်ကို သိကြသည်ဖြစ်သောကြောင့် ပညတ်

တရားကို အကျင့်အားဖြင့် ဘုရားသခင် ရှေ့တော်၌
မည်သူမျှဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။

## ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းသို့ ရောက်စေခြင်း

၂၁။ သို့ရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အားပညတ်
တရားတော်နှင့်မစပ်ဆိုင်သော ဖြောင့်မတ်ခြင်း၊တရား
လမ်းကို ယခုထင်ရှားစွာပြခဲ့ပြီ။ ထိုအကြောင်းတို့ကို
၂၂။ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့က **ယေရှူး**ခရစ်
တော်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ဖြောင့်
မတ်တော်မူခြင်းသည်ယုံကြည်သူ အားလုံးအတွက်
၂၃။ ထင်ရှားစေ၏။အကြောင်းမူကား၊လူအပေါင်းတို့သည်
အပြစ်ဒုစရိုက်ကို ကျယ်လွန်ကြ၍၊ ဘုရားသခင်၏
၂၄။ ဘုန်းဂုဏ်တော်နှင့်ကင်းဝေးခဲ့ကြရပြီ။ သူတို့သည်
**ယေရှူး**ခရစ်တော်၌ ခံယူရရှိသောကယ်တင်ခြင်းအား
ဖြင့် ဘုရားသခင်၏ အခမဲ့ ကျေးဇူးတော်ကြောင့်
၂၅။ ဖြောင့်မတ်ခြင်းသို့ရောက်ကြရ၏။ ဘုရားသခင်သည်
**ယေရှူး**ခရစ်တော်ကို သူ၏သွေးအားဖြင့် အပြစ်ဖြေရာ
ယဇ်အဖြစ်သတ်မှတ်တော်မူ၏။ ထိုသခင်၏အသေခံ
ခြင်းချမ်းသာကို ရကြ၏။ ဤသို့ပြုခြင်းဖြင့် ဘုရား
သခင်သည် မိမိ၏ဖြောင့်မတ်တော်မူခြင်းကို ထင်ရှား
စေတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်
သည် မိမိ၏သည်းခံတော်မူခြင်းဖြင့်လူတို့ကအတိတ်
က ကျူးလွန်ခဲ့ကြသောအပြစ်များကို အခွင့်လွှတ်
၂၆။ တော်မူ၏။ ယခုတွင် ကိုယ်တော်သည် မိမိ၏ဖြောင့်
မတ်တော်မူခြင်းကို ပြသရန်နှင့်ခရစ်တော်**ယေရှူး**၌ယုံ
ကြည်သောအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်သော
သူများဖြစ်လာကြောင်းကို ပြသရန်ဖြစ်တော်မူ၏။
၂၇။ သို့ဖြစ်လျှင် ငါတို့ ဝါကြွားစရာ အကြောင်းကား၊
အဘယ်မှာရှိသနည်း။ ငါတို့၌ဝါကြွားစရာအကြောင်း
ကိုဖယ်ရှားလေပြီ။ မည်သည့်တရားအားဖြင့် ဖယ်ရှား
၂၈။ လေပြီ။ ထို့ကြောင့် လူသည်ပညတ်တရား၏အကျင့်
အားဖြင့် မဟုတ်ဘဲ၊ယုံကြည်ခြင်းကျေးဇူးတော်တရား
အားဖြင့်သာလျှင် ဖြောင့်မတ်ခြင်းကျေးဇူးတော်တရား
သာလျှင် ဖြောင့်မတ်ခြင်းသို့ရောက်ကြောင်းကို ငါတို့
၂၉။ သိကြရပြီ။ ဘုရားသခင်သည် **ဂျူး**လူမျိုးတို့၏ဘုရား
သာလျှင်ဖြစ်သလော။ လူမျိုးခြားတို့၏ဘုရားလည်း
၃၀။ ဖြစ်တော်မူသည်မဟုတ်လော။ မှန်ပေ၏။ လူမျိုးခြား
တို့၏ဘုရားလည်းဖြစ်တော်မူ၏။ အကြောင်းမူကား၊
အရေဖျားလှီးခြင်းကိုခံသောသူနှင့် မခံသောသူနှစ်ဦး
စလုံးကို သခင်ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့်
ဖြောင့်မတ်ခြင်းသို့ရောက်စေတော်မူသောဘုရားသခင်
၃၁။ သည် တစ်ဆူတည်းရှိတော်မူ၏။ သို့ဖြစ်လျှင် ငါတို့
သည် ယုံကြည်ခြင်းအားဖြင့် ပညတ်တရားကို ပယ်
ကြသလော။ အလျှင်းမပယ်။ ပညတ်တရားကိုသာ၍
ပင် တည်စေကြ၏။

## အခန်းကြီး (၄)

## အာဗြာဟံ၏ ယုံကြည်ခြင်း စံနမူနာ

၁။ ထိုသို့ဖြစ်လျှင် ငါတို့ဆိုရမည်မှာ ငါတို့အဘ **အာဗြ
ာဟံ**သည်သွေးသားအလိုအားဖြင့်မည်သည့်အကျိုး
၂။ ကိုရသနည်း။ သူသည်အကျင့်အားဖြင့် ဖြောင့်မတ်ရာ
သို့ရောက်သည်မှန်လျှင် ဝါကြွားစရာအကြောင်းရှိ၏။
၃။ ဘုရားသခင်၏ရှေ့တော်၌ ထိုသို့မဟုတ်။ အကြောင်း
မူကား၊ ကျမ်းစာတော်မြွတ်၌ **အာဗြာဟံ**သည်
ဘုရားသခင်ကို ယုံကြည်ခဲ့သူဖြစ်၏။ ထိုသို့ယုံကြည်
သောကြောင့် သူကိုဖြောင့်မတ်သူဟု သတ်မှတ်ခြင်း
၄။ ခံရ၏။ လူတစ်ဦးသည် အလုပ်လုပ်၍ အခကြေးငွေ
ရရှိသောအခါ၊ ထိုငွေကြေးသည် လက်ဆောင်အဖြစ်
ရသော အခကြေးငွေမဟုတ်ဘဲ မိမိအလုပ်လုပ်၍ရ
၅။ သောအရာဖြစ်သည်။ လူတစ်ဦးသည်အလုပ်မလုပ်ဘဲ
ဘုရားတရားနှင့်သူတို့ကို ဖြောင့်မတ်ရာသို့ရောက်စေ
သည့်အရှင့်အား ယုံကြည်အားထားလျှင် သူတို့ယုံ
ကြည်ခြင်းကို ဖြောင့်မတ်ခြင်းဟုသတ်မှတ်ထားသည်
၆။ ထိုအတူ ဘုရားသခင်သည် အကျင့်ကိုမထောက်ဘဲ
လျက် ပေးတော်မူသော ဖြောင့်မတ်ခြင်းကိုရရှိသော
သူသည်မင်္ဂလာရှိကြောင့်နှင့်ပတ်သက်၍**ဒေးဗစ်**သည်
၇။ မှတ်၍ဆိုသည်ကား အပြစ်မှလွှတ်ခြင်းခံရသူတို့နှင့်
အပြစ်ဒုစရိုက်တွက် လွှတ်ငြိမ်းချမ်းသာခွင့်ကိုရသော
၈။ သူတို့သည် မင်္ဂလာရှိကြပါ၏။ မိမိအပြစ်များကို
ထာဝရဘုရားမှတ်ထားခြင်းမခံရသော သူသည် မင်္ဂ
၉။ လာရှိ၏ဟု မြွက်ဆိုသတည်း။ ထိုမင်္ဂလာရှိခြင်းကို
အရေဖျားလှီးခြင်းခံယူသောသူတို့သာလျှင် ရရှိကြ
သလော သို့မဟုတ် အရေဖျားလှီးခြင်းမခံရသော သူ
တို့သည်လည်း ရရှိကြသလော။ ဘုရားသခင်သည်
**အာဗြာဟံ**၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်း ကဲ့
သို့မှတ်တော်မူ၏ဟု ငါတို့ဆိုရာ၌ ငါတို့မည်ကဲ့သို့
၁၀။ သတ်မှတ်သနည်း။ **အာဗြာဟံ**အား ဖြောင့်မတ်
သောသူအဖြစ် မှတ်ယူသောအချိန်သည်အရေဖျားလှီး

မင်္ဂလာကို သူခံယူပြီးမှလော။ မခံယူမီလော။ ခံယူပြီး
၁၁။ မှမဟုတ်။မခံရသေးမီအချိန်ကဖြစ်၏။ ဤသည်ကား
ဘုရားသခင်သည် **အာဘရာဟမ်**၏ယုံကြည်မှုကို
ထောက်လျက် အရေဖျားလှီးမင်္ဂလာမခံယူမီတွင်
ဖြောင့်မတ်သောသူအဖြစ် လက်ခံတော်မူကြောင်း
ဖြောင့်မတ်ခြင်း၏တံဆိပ်ကို သက်သေပြသောလက္ခ
ဏာပင်ဖြစ်၏။ ထို့ကြောင့် **အာဘရာဟမ်**သည်အရေ
ဖျားလှီးမင်္ဂလာကို မခံသော်လည်း ဘုရားသခင်ကို
ယုံကြည်သောအားဖြင့်ဖြောင့်မတ်သောသူကိုယ်တော်
ကိုလက်ခံသောသူအပေါင်းတို့၏အဖဖြစ်လာလေ၏။
၁၂။ ထို့ပြင်သူသည် အရေဖျားလှီးမင်္ဂလာကိုခံယူသောသူ
တို့၏ အဖဖြစ်ပေ၏။ သမီးကားသူသည် အရေဖျား
လှီးမင်္ဂလာကိုခံယူရုံမက ငါတို့အဖ **အာဘရာဟမ်**
အရေဖျားလှီးမင်္ဂလာကို မခံမည်ခံ ဘုရားသခင်ကို
ယုံကြည်ခဲ့သည့်စနမူနာလိုက်သူတို့၏ အဖလည်းဖြစ်
၏။

## ယုံကြည်ခြင်းအားဖြင့်
## ဘုရားသခင်၏ကတိတော်ကို ခံစားရခြင်း

၁၃။ ထို့မှတစ်ပါး **အာဘရာဟမ်**မှစ၍၊ သူ့၏အမျိုးအနွယ်
တို့သည် ဤလောကကို အမွေခံစေမည်ဟူသောကတိ
တော်ကိုပညတ်တရားအားဖြင့်ရရှိကြသည်မဟုတ်ဘဲ၊
ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရရှိကြ၏။
၁၄။ အကြောင်းမူကား၊ အကယ်၍ ပညတ်တရားကိုစောင့်
ထိန်းသူတို့သာလျှင် အမွေတော်ကိုခံစားကြရမည်ဟု
ဆိုလျှင် ယုံကြည်ခြင်းတရားသည် အချည်းနှီးဖြစ်၍
ကတိတော်သည်လည်း အဓိပ္ပာယ်မရှိတော့ပေ။
၁၅။ ပညတ်တရားသည် အမျက်ဒေါသကိုဖြစ်ပွားစေ၏။
သို့သော် ပညတ်တရားမရှိလျှင် အပြစ်ကျူးလွန်ခြင်း
၁၆။ လည်းမရှိပေ။ ထို့ကြောင့် ဘုရားသခင်၏ကတိတော်
သည် ကျေးဇူးတော်အဖြစ်တည်ရှိ၍ **အာဘရာဟမ်**၏
သားသမီးအပေါင်းတို့အတွက် အာမခံချက်ရှိစေခြင်း
ငှါ ကိုယ်တော်သည် **အာဘရာဟမ်**၏ယုံကြည်ခြင်း
အပေါ်တွင်အခြေခံ၍ ကတိထားတော်မူ၏။ ထိုကတိ
သည်ပညတ်တရားကိုစောင့်ထိန်းသူတို့အတွက်သာမ
ဟုတ်ဘဲ၊ **အာဘရာဟမ်**ကဲ့သို့ယုံကြည်သူအားလုံးတို့
၁၇။ အတွက်ဖြစ်၏။ ငါသည်သင့်ကို လူမျိုးအမြောက်
အများတို့၏အဖ ဖြစ်စေမည်ဟု ကျမ်းစာလာသည့်
အတိုင်း **အာဘရာဟမ်**သည်ကား မိမိယုံကြည်သော
ဘုရား၊ သေသောသူတို့ကို အသက်ပြန်ရှင်စေသော
ဘုရား၊ မဖြစ်သေးသောအရာတို့ကို ဖြစ်ပေါ်စေရန်
အမိန့်ပေးတော်မူသောဘုရား၊ ရှေ့မျက်မှောက်တော်
၁၈။ တွင်ငါတို့အားလုံး၏အဖဖြစ်သတည်း။**အာဘရာဟမ်**
သည်မျှော်လင့်စရာကင်းမဲ့သောအခြေအနေ၌ပင်လျှင်
ဘုရားသခင်ကို ယုံကြည်ခဲ့ခြင်းကြောင့် လူအမျိုး
အပေါင်းတို့၏အဖဖြစ်သတည်း။သင်၏အမျိုးအနွယ်
သည် ထိုသို့ဖြစ်လိမ့်မည်ဟူသော ဗျာဒိတ်တော်
အတိုင်း မိမိသည်လူမျိုးအများတို့၏အဖဖြစ်မည်ဟူ
၁၉။ ၍ မျှော်လင့်ခဲ့လေ၏။ ထိုအချိန်၌ **အာဘရာဟမ်**
သည် အသက်တစ်ရာနီးပါးရှိပြီး၊ မိမိကိုယ်ခန္ဓာ
သည် အသေကဲ့သို့ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိ
ခင်ပွန်း**ဆာရာ**သည်လည်း ကလေးမရနိုင်ကြောင်းတို့
ကို သိသော်လည်း ဘုရားသခင်အပေါ်တွင် ယုံကြည်
၂၀။ ခြင်း၌အားမနည်းခဲ့ချေ။ သူသည်မည်သည့်အခါမျှ
ဘုရားသခင်၏ကတိတော်ကို ယုံမှားသံသယမဖြစ်ဘဲ
ယုံကြည်အားကြီးမားစွာဖြင့် ဘုရားသခင်ကိုချီးမွမ်း
၂၁။ လေ၏။ ဘုရားသခင်သည် မိမိထားသောကတိတော်
အတိုင်း တတ်စွမ်းနိုင်တော်မူသည်ကို အပြည့်အဝ
၂၂။ ယုံကြည်လေ၏။ ထို့ကြောင့် သူ၏ယုံကြည်ခြင်းကို
၂၃။ ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ယူခြင်းခံရ၏။ ထိုသို့မှတ်
ယူခြင်းခံရကြောင်းကို **အာဘရာဟမ်**၏ အကျိုး
အတွက် ငါသာကျမ်းစာတော်၌ရေးထားသည်မဟုတ်
၂၄။ ငါတို့အကျိုးအလို့ငှာလည်း ရေးထားသတည်း။ ငါ
တို့သခင်**ယေရှု**အားသေခြင်းမှထမြောက်စေသောမူ
သောသူကို ငါတို့သည် ယုံကြည်လျှင် ထိုယုံကြည်
ခြင်းကို ငါတို့၏ဖြောင့်မတ်ခြင်းဟူ၍ မှတ်ယူတော်မူ
၂၅။ လတ္တံ့။ သခင်**ယေရှု**သည် ငါတို့အပြစ်ကြောင့် အပ်
နှံခြင်းကို ခံတော်မူ၏။ ငါတို့သည် ဖြောင့်မတ်ရာသို့
ရောက်မည့်အကြောင်း သူသည်ရှင်ပြန်ထမြောက်
တော်မူ၏။

## အခန်းကြီး (၅)
## ဖြောင့်မတ်ခြင်း

၁။ ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်
မတ်ရာသို့ရောက်လျှင် ငါတို့သခင်**ယေရှု**ခရစ်တော်
အားဖြင့် ဘုရားသခင်နှင့်ငြိမ်းချမ်းသာယာခြင်းကို ခံ
၂။ စားရကြ၏။ ထိုသခင်အားဖြင့်သာ ငါတို့သည် ဤ
ကျေးဇူးတော်ကိုခံစားကြရပြီး ယခုတိုင် ငါတို့ခံစား

လျက်ရှိ၏။ သို့ဖြစ်၍ ငါတို့သည်ဘုရားသခင်၏
ဘုန်းတော်ကိုခံစားရမည်ဟူသော မျှော်လင့်ခြင်းနှင့်
၃။ ဝမ်းမြောက်ရွှင်လန်းကြ၏။ ထိုမျှမကသေး ငါတို့
သည် ငါတို့သည် ဆင်းရဲဒုက္ခအတွက်လည်း ဝမ်း
မြောက်ကြရ၏။ အကြောင်းမူကား၊ ဆင်းရဲဒုကသည်
၄။ သည်းခံနိုင်ခြင်းကို ဖြစ်ပေါ်စေတတ်၏။ သည်းခံနိုင်
ခြင်းသည် ဘုရားသခင်၏နှစ်သက်မှုကိုယူဆောင်၏။
ဘုရားသခင်၏နှစ်သက်မှုသည် မျှော်လင့်ခြင်းကိုဖန်
၅။ တီးပေး၏။ ထိုမျှော်လင့်ခြင်းသည် ငါတို့အားစိတ်
ပျက်စေလိမ့်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော်
ဘုရားသခင်သည် ငါတို့အားပေးတော်မူသော သန့်
ရှင်းသောဝိညာဉ်တော်အားဖြင့် ငါတို့၏စိတ်နှလုံးထဲ
သို့ ကိုယ်တော်၏မေတ္တာတော်ကို သွန်းလောင်းတော်
၆။ မူသောကြောင့်ဖြစ်၏။ ငါတို့သည် ခိုကိုးရာမဲ့ဖြစ်နေ
စဉ်တွင် သတ်မှတ်ထားသောအချိန်၌ခရစ်တော်သည်
ဆိုးယုတ်သောသူတို့အတွက် အသေခံတော်မူ၏။
၇။ ဖြောင့်မတ်သော သူတစ်ယောက်အတွက်ကြောင့်
အသေခံမည့်သူမရှိသလောက်ဖြစ်၏။သူတော်ကောင်း
တစ်ယောက်အတွက်ကြောင့် အသေခံဝံ့သောသူပင်
၈။ ရှိကောင်းရှိလိမ့်မည်။ သို့ရာတွင် ငါတို့သည်အပြစ်
သားများဖြစ်နေသောအခါ၌ပင် ခရစ်တော်သည် ငါ
တို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ဘုရား
သခင်သည်ငါတို့အားမည်မျှလောက်ချစ်တော်မူသည်
၉။ ကို ထင်ရှားစွာပြတော်မူ၏။ သို့ရာတွင် ယခုတွင် ငါ
တို့သည် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့
ရောက်ခဲ့ပြီး ထိုသခင်အားဖြင့် ဘုရားသခင်၏အမျက်
တော်မှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်
၁၀။ အကြောင်း သာ၍ မျှော်လင့်စရာရှိ၏။ အကြောင်းမူ
ကား၊ ငါတို့သည် ဘုရားသခင်၏ရန်သူများဖြစ်ကြ
သော်လည်း သားတော်၏အသေခံတော်မူခြင်းအား
ဖြင့် ဘုရားသခင်နှင့်ပြန်လည်ကျေအေးသင့်မြတ်လာ
ကြသည်ဖြစ်ရာ ငါတို့သည် ယခုပြန်လည်သင့်မြတ်
ကြသည်ထက် သားတော်၏အသက်တော်အားဖြင့်
ငါတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟု
၁၁။ သာ၍မျှော်လင့်စရာရှိ၏။ ထိုမျှမကသေးဘုရားသခင်
သည် ငါတို့အား ကိုယ်တော်၏မိတ်ဆွေဖြစ်စေတော်
မူသော အမှုကြောင့် ငါတို့သည်ဝမ်းမြောက်ခြင်းရှိကြ
၏။

## အာဒမ်နှင့် ယေရှုခရစ်တော်

၁၂။ အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤ
လောကထဲသို့ဝင်ခဲ့၍၊ အပြစ်တရားအားဖြင့် သေခြင်း
တရားဝင်လာခဲ့၏။ သို့ဖြစ်၍၊ လူအပေါင်းတို့သည်
အပြစ်ကျူးလွန်ကြသောကြောင့် သေခြင်းသို့ရောက်ရ
၁၃။ ကြ၏။ ပညတ်တရားမထားမီတိုင်အောင်ပင် အပြစ်
သည်လောကထဲတွင်ရှိခဲ့၏။ ပညတ်တရားမရှိသည့်
နေရာတွင် အပြစ်သည်မှတ်သားထားခြင်းမခံခဲ့ရချေ၊
၁၄။ သို့သော် သေခြင်းတရားသည် **အာဒမ်**၏လက်ထက်
မှစ၍ **မိုးဇက်**၏လက်ထက်တိုင်အောင် လူအပေါင်း
တို့အား အစိုးရခဲ့ရ၏။ **အာဒမ်**ပြစ်မှားသောအပြစ်နှင့်
မတူသော အပြစ်ကို ကျူးလွန်သောသူတို့ကိုပင်သေ
ခြင်းတရားသည် အစိုးရတော်မူ၏။ **အာဒမ်**သည်
နောင်တစ်ချိန်တွင်ပေါ်ထွန်းမည့်သူ၏ပုံပမာဖြစ်သည်
၁၅။ သို့ရာတွင် ဆုကျေးဇူးနှင့်ပြစ်မှားခြင်းသည် မတူညီ
ကြ။ အကြောင်းမူကား၊ လူတစ်ယောက်သည်ပြစ်မှား
သောအားဖြင့် လူအများတို့သည်လည်း သေခြင်းသို့
ရောက်ခဲ့ရကြလျှင် တစ်ယောက်သောသူတည်းဟူ
သော **ယေရှု**ခရစ်တော်အားဖြင့် ဘုရားသခင်၏
ကျေးဇူးတော်နှင့် ကျေးဇူးတော်၏အကျိုးတို့သည် လူ
၁၆။ များတို့၌ပို၍ ကြွယ်ဝပြည့်စုံတော်မူ၏။ ဘုရားသခင်
၏ကျေးဇူးတော်သည် လူတစ်ဦးကျူးလွန်သောအပြစ်
တို့၏အကျိုးဆက်နှင့်မတူဘဲ ကွာခြား၏။အပြစ်တစ်
ခုကျူးလွန်ခြင်းကို စီရင်သောအခါ ဒဏ်ခတ်ခြင်းဖြစ်
ပေါ်စေ၏။ သို့သော် အခမဲ့ရသောကျေးဇူးတော်သည်
များစွာသောအပြစ်များကို ခွင့်လွှတ်စေ၍ ဖြောင့်မတ်
၁၇။ ခြင်းသို့ရောက်၏။ လူတစ်ယောက်သည်ပြစ်မှားသော
ကြောင့် ထိုတစ်ဦးသောသူအားဖြင့် သေခြင်းတရား
သည် အစိုးရ၏။ တစ်ဦးသောသူတည်းဟူသော
**ယေရှု**ခရစ်တော်အားဖြင့်ဘုရားသခင်၏ကြွယ်ဝသော
ကျေးဇူးတော်ကိုလည်းကောင်း၊ ဖြောင့်မတ်ရာသို့ပို့
ဆောင်တော်မူခြင်းကိုလည်းကောင်း၊ ခံရသောသူတို့
သည် ခရစ်တော်အားဖြင့် ပို၍ပင် အသက်ရှင်ခြင်းကို
၁၈။ ရရှိကြလိမ့်မည်။ သို့ဖြစ်၍ တစ်ဦးသောသူ၏ပြစ်မှား
ခြင်းအားဖြင့် လူအပေါင်းတို့သည် အပြစ်စီရင်ခြင်း
နှင့်တွေ့ကြုံရကြသည်နည်းတူ တစ်ဦးသောသူ၏
ဖြောင့်မတ်တော်ခြင်းအားဖြင့် လူအပေါင်းတို့ကိုလွှတ်
၁၉။ မြောက်စေပြီး အသက်ရှင်ခြင်းကိုပေး၏။ အကြောင်း
မူကား၊ လူတစ်ဦးသည် ဘုရားသခင်၏စကားကို
နားမထောင်သောအားဖြင့် လူအပေါင်းတို့သည်အပြစ်

ရောက်သည့်နည်းတူ တစ်ဦးသောသူသည်နားထောင်
သောအားဖြင့် လူအများတို့သည် ဖြောင့်မတ်ရာသို့
၂၀။ ရောက်ရကြ၏။အပြစ်ဒုစရိုက်ပွားများသည့်အရပ်တွင်
၂၁။ ကျေးဇူးတော်သည် ပို၍ကြွယ်ဝပေ၏။ သို့ဖြစ်၍၊
အပြစ်တရားသည် သေခြင်းတရားအားဖြင့် ဆိုးမိုးခဲ့
သည့်နည်းတူ ငါတို့၏သခင်**ယေရှု**ခရစ်တော်အား
ဖြင့် ငါတို့အား ထာဝရအသက်ကိုရရှိစေရန်ဘုရား
သခင်၏ကျေးဇူးတော်သည် ဖြောင့်မတ်ခြင်းတရား
အားဖြင့် စိုးမိုးလျက်ရှိသတည်း။

## အခန်းကြီး (၆)

## ဆေးကြောခြင်းအားဖြင့် ခရစ်တော်နှင့်အတူ အသေခံခြင်း

၁။ သို့ဖြစ်လျှင်မည်သို့ဆိုရမည်နည်း။ ငါတို့သည်ဘုရား
သခင်၏ကျေးဇူးတော်ကို ပိုမိုရရှိခံစားရန် အပြစ်ထဲ၌
၂။ ဆက်လက်ကျင်လည်နေကြရမည်လော။ထိုသို့မဟုတ်
ပေ။ အပြစ်ဒုစရိုက်၌သေပြီးသော ငါတို့သည်အဘယ့်
ကြောင့် အပြစ်ထဲ၌ ပြန်လည်အသက်ရှင်ရမည်နည်း။
၃။ **ယေရှု**ခရစ်တော်၌ ဆေးကြောခြင်းမင်္ဂလာကိုခံယူ
သောသူရှိသမျှတို့သည် ကိုယ်တော်နှင့်အတူ အသေ
၄။ ခံကြကြောင်းကို သင်တို့မသိကြသလော။ကိုယ်တော်
၏အသေခံတော်မူခြင်း၌ ငါတို့သည်ဆေးကြောခြင်း
မင်္ဂလာကို ခံယူခြင်းအားဖြင့် ခရစ်တော်နှင့်အတူသေ
ကြ၍၊ သင်္ဂြိုဟ်ခြင်းကိုခံခဲ့ကြ၏။ အကြောင်းမူကား၊
ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးတော်
အားဖြင့် သေခြင်းမှထမြောက်တော်မူသည့်နည်းတူ
ငါတို့အားလည်း အသစ်သောအသက်တာ၌ လျှောက်
၅။ လှမ်းကြစေရန်ဖြစ်၏။ အကြောင်းမူကား၊ ကိုယ်တော်
နှင့်တစ်လုံးတစ်ဝတည်းဖြစ်လျက် သေခဲ့ကြပါလျှင်
ကိုယ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူ
သကဲ့သို့ ငါတို့သည်လည်း ကိုယ်တော်နှင့်တစ်လုံး
တစ်ဝတည်း ရှိကြလျက် သေခြင်းမှရှင်ပြန်ထမြောက်
၆။ ကြမည်ဖြစ်၏။ ငါတို့၏လူဟောင်းကို ထိုသခင်နှင့်
အတူ လက်ဝါးကပ်တိုင်တွင်တင်၍၊ အသေသတ်ခြင်း
ကို ခံစေခဲ့ပြီး၊ အပြစ်နှင့်ပြည့်ဝသော ဇာတိစိတ်ကို
ဖျက်ဆီးခြင်းအားဖြင့်အားတို့သည်အပြစ်၏ကျွန်ဘဝ
မှလွတ်မြောက်ကြစေရန်ပင် ဖြစ်ကြောင်းကို ငါတို့သိ
၇။ ကြ၏။ သေသောသူသည် အပြစ်တရား၏လက်မှ
၈။ လွတ်မြောက်လေ၏။ သို့သော် ငါတို့သည်ခရစ်တော်
နှင့်အတူ သေခဲ့ကြပါလျှင် ကိုယ်တော်နှင့်အတူ
၉။ အသက်ရှင်ရကြမည်ကို ယုံကြည်ကြ၏။ အကြောင်း
မူကား၊ ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်
တော်မူသဖြင့် နောက်တဖန်လုံးဝသေလိမ့်မည်မဟုတ်
ကြောင်းနှင့် သေခြင်းတရားသည် ကိုယ်တော်ကို
အစိုးမရသည့်အကြောင်းတို့ကို ငါတို့သိကြ၏။
၁၀။ ခရစ်တော်အသေခံတော်မူရာမှာ အပြစ်တရားကြောင့်
တစ်ကြိမ်သာခံတော်မူ၏။ ကိုယ်တော်သည် အသက်
ရှင်တော်မူရာတွင် ဘုရားသခင် အားဖြင့်သာလျှင်
၁၁။ အသက်ရှင်တော်မူ၏။ ထိုနည်းတူသင်တို့သည်အပြစ်
တရားနှင့်ဆိုင်သောအရာတို့၌ သေပြီးဖြစ်သည်ဟူ၍
လည်းကောင်း၊ ဘုရားသခင်နှင့်ဆိုင်သော အရာတို့
တွင် **ယေရှု**ခရစ်တော်အားဖြင့် အသက်ရှင်သည်ဟူ
၍လည်းကောင်း၊ သင်တို့ကိုယ်သင်တို့မှတ်ယူကြ
၁၂။ လော့။ ထို့ကြောင့် သင်တို့သည် သေသတ်သေကိုယ်
ခန္ဓာ၏တပ်မက်ခြင်းအလိုတို့လိုက်ရသည့်တိုင်အောင်
အပြစ်တရားသည် ကိုယ်ခန္ဓာကိုအစိုးမရစေနှင့်။
၁၃။ သင်တို့၏ကိုယ်အင်္ဂါများကို ဒုစရိုက်လက်နက်ဖြစ်
စေရန် အပြစ်တရားအား မပေးဆက်ကြနှင့်။ ထိုသို့
ပြုမည့်အစား သင်တို့သည် သေခြင်းမှထမြောက်၍
အသက်ရှင်သောသူတို့ကဲ့သို့ မိမိတို့၏ကိုယ်အင်္ဂါများ
ကို ကောင်းမှုပြုရန်လက်နက်များအဖြစ် ဘုရားသခင်
၁၄။ အားဆက်သကြလော့။ အကြောင်းမူကား သင်တို့
သည် ပညတ်တရားလက်အောက်၌မရှိ၊ ဘုရားသခင်
၏ကျေးဇူးတော်တရားလက်အောက်၌ရှိသောကြောင့်
အပြစ်တရားသည် သင်တို့ကိုအစိုးရလိမ့်မည်မဟုတ်၊

### ဖြောင့်မတ်ခြင်းတရား၏ကျွန်များ

၁၅။ သို့ဖြစ်လျှင် မည်သို့ဆိုမည်နည်း။ ငါတို့သည်ပညတ်
တရား၏ လက်အောက်၌မရှိဘဲ၊ ကျေးဇူးတရား
လက်အောက်၌ ရှိကြသဖြင့် ဒုစရိုက်ကိုပြုကြမည်
၁၆။ လော့။ထိုသို့မပြုရ။ သင်တို့သည် တစ်စုံတစ်ယောက်
ထံသို့ သင်တို့ကိုယ်ကို သူ၏အစေခံကျွန်အဖြစ် အပ်
နှံပါလျှင် သင်တို့သည် ထိုသူကိုနာခံကြသောသူများ
ဖြစ်ကြသည်ကို သင်တို့မသိကြသလော။ သင်တို့
သည်အပြစ်တရားကိုအစေခံလျှင် သင်တို့ကိုသေခြင်း
သို့ ပို့ဆောင်လိမ့်မည်။ ဘုရားသခင်၏စကားကို
နာခံကြရန် သင်တို့ကိုဖြောင့်မတ်ရာသို့ရောက်စေလိမ့်
၁၇။ မည်။ သင်တို့သည် အပြစ်တရား၏ကျွန်ဖြစ်ဖူးသော်

လည်း မိမိတို့ခံယူယုံကြည်သည့်သွန်သင်ချက်ကို
စိတ်နှလုံးဖြင့် လိုက်နာကျင့်သုံးကြသည့်အတွက် ငါ
တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ
၁၈။ ၏။ သင်တို့သည် အပြစ်တရား၏လက်အောက်မှ
လွတ်မြောက်ကြသည်ဖြစ်၍ ဖြောင့်မတ်ခြင်းတရား
၁၉။ ၏ ကျွန်များဖြစ်ကြ၏။ ထိုသို့ငါဆိုသော် သင်တို့
သွေးသားအလို၏ အားနည်းချက်ကြောင့် လူတို့နား
လည်နိုင်သော ဝေါဟာရကို ငါသုံးခြင်းဖြစ်၏။
အကြောင်းမူကား၊ တစ်ချိန်က သင်တို့ညစ်ညူးဆိုး
ယုတ်မှုအမျိုးမျိုးကို ပြုကျင့်နိုင်ရန် မိမိတို့၏ကိုယ်
အင်္ဂါများကို ညစ်ညူးဆိုးယုတ်မှုနှင့် အပြစ်ကျူးလွန်
ခြင်းသို့ ကျွန်အဖြစ်လုံးဝအပ်နှံခဲ့ကြ၏။ ထို့နည်းတူ
ယခုသင်တို့သည် သင်တို့ကိုယ်အင်္ဂါများကို ဖြောင့်
မတ်ခြင်းတရား၏ကျွန်အဖြစ်သို့လုံးဝအပ်နှံကြလော့၊
၂၀။ သင်တို့သည် အပြစ်တရား၏ ကျွန်ဖြစ်စဉ်ကာလ
ဖြောင့်မတ်ခြင်းတရား၏လက်မှလွတ်မြောက်ကြ၏။
၂၁။ ယခုအခါ သင်တို့ရှက်ကြောက်သော ထိုအကျင့်တို့
ကိုကျင့်ခဲ့ခြင်းဖြင့်မည်သည့်အကျိုးကိုရရှိကြသနည်း။
ထိုသို့သောအမှုတို့၏ ရလာဒ်ကား၊ သေခြင်းတည်း။
၂၂။ သို့သော်လည်း သင်တို့သည် ယခုအခါအပြစ်တရား
၏လက်အောက်မှ လွတ်မြောက်ပြီးလျှင် ဘုရားသခင်
၏ကျွန်များဖြစ်လာကြပေပြီ။ သင်တို့ရရှိသည်အကျိုး
ကား၊ သန့်ရှင်းစင်ကြယ်စေခြင်းနှင့် အဆုံး၌လည်း
၂၃။ ထာဝရအသက်တာဖြစ်၏။ အပြစ်တရား၏အဖိုးအခ
ကား၊ သေခြင်းပေတည်း။ ဘုရားပေးတော်မူသော ဆု
ကျေးဇူးတော်ကား၊ ငါတို့ အရှင်**ယေရှု**ခရစ်တော်၌
ရရှိသော ထာဝရအသက်ပေတည်း။

## အခန်းကြီး(၇)
## ထိမ်းမြားစုံဖက်ခြင်း သာဓက

၁။ ညီအစ်ကိုတို့ ငါသည် ပညတ်တရားကိုသိနားလည်
သောသူတို့အားပြောနေခြင်းဖြစ်သည်။ ပညတ်တရား
သည် လူတစ်ဦးကို သူ၏ဘဝအသက်တာကာလ
အတွင်း၌သာ စိုးမိုးအုပ်ချုပ်နိုင်သည်ကို သင်တို့မသိ
၂။ ကြသလော။ ဥပမာပေးရသောအိမ်ထောင်သည်အမျိုး
သမီးတစ်ဦးသည် မိမိ၏ခင်ပွန်းအသက်ရှင်စဉ်အချိန်
၌ ထိုသူနှင့်ပညတ်ဥပဒေအားဖြင့် ချည်နှောင်လျက်ရှိ
၏။ သို့သော် ခင်ပွန်းသေဆုံးလျှင်မူကား၊ သူမသည်
၃။ ဇနီးများ၏ဝတ္တရားနှင့်ကင်းလွတ်လေ၏။ အကယ်၍
သူမသည်မိမိခင်ပွန်း အသက်ရှင်လျှင်ရှိစဉ် အခြားသူ
၏မယားဖြစ်ခဲ့လျှင် ကာမဂုဏ်ကျူးလွန်သူဟု ခေါ်
၄။ ဝေါ်ခံရမည်ဖြစ်၏။ ထိုနည်းတူ ညီအစ်ကိုတို့သင်တို့
သည် ခရစ်တော်၏ကိုယ်အင်္ဂါဖြစ်ကြသဖြင့် ပညတ်
တရားအား သေဆုံးခဲ့ကြလေပြီ။ ယခု သင်တို့သည်
အခြားသောသူတည်းဟူသော သေခြင်းမှရှင်ပြန်ထ
မြောက်တော်မူသည့် ခရစ်တော်နှင့်သက်ဆိုင်သူများ
ဖြစ်သောကြောင့် ဘုရားသခင်အတွက်အသီးသီးသော
၅။ သူများဖြစ်ကြရမည်။ ငါတို့သည် သွေးသားအလို
သဘောကိုလိုက်လျော၍ အသက်ရှင်စဉ်က ပညတ်
တရား၏လှုံ့ဆော်ချက်အားဖြင့် အပြစ်ကျူးလွန်လို
သောစိတ်သည် ငါတို့၏ကိုယ်အင်္ဂါများ၌ ထကြွလှုပ်
ရှားသဖြင့် ငါတို့ပြုသမျှသည် သေခြင်းအတွက်
၆။ အသီးသီးရန်ဖြစ်ခဲ့၏။ သို့သော် ငါတို့သည်ငါတို့ကို
ချုပ်နှောင်ထားခဲ့သော ပညတ်တရားအား သေဆုံးခဲ့
ကြသည်ဖြစ်၍ ထိုပညတ်တရားမှ လွတ်မြောက်ခဲ့ကြ
ပြီ။ထို့ကြောင့်ငါတို့သည်ရေးထားသောဥပဒေဟောင်း
ကို အစေမခံကြဘဲ၊ ဝိညာဉ်တော်၏ဘဝသက်၌
အစေခံကြမည်ဖြစ်၏။

## ပညတ်တရား၏ အပြစ်တရား

၇။ သို့ဖြစ်လျှင် ငါတို့သည် မည်သို့ဆိုရမည်နည်း။
ပညတ်တရား၌အပြစ်ရှိသလော။ အပြစ်မရှိနိုင်ရာ။
သို့ရာတွင် ပညတ်တရားအတွက်သာမဟုတ်လျှင် ငါ
သည် အပြစ်ကိုသိခဲ့ရမည်မဟုတ်။ အဘယ်သို့နည်း
တူမူကာ၊ လောဘလွန်ကျူးခြင်းမရှိစေနှင့်ဟု ပညတ်
တော်တွင်မိန့်ဆိုမှုမရှိခဲ့ပါလျှင် လောဘလွန်ကျူးခြင်း
၈။ သဘောကိုငါမသိ။ အပြစ်တရားသည် ငါ့အား ထို
ပညတ်တော်ကို သတိရစေပြီး၊ ငါ၌အမျိုးမျိုးသော
လောဘကိုဖြစ်ပေါ်စေ၏။ ပညတ်တရားမရှိလျှင်
၉။ အပြစ်တရားသည် သေလျက်နေ၏။ ငါသည်ပညတ်
တရားနှင့်ကင်းလျက် အသက်ရှင်ခဲ့သည့်အချိန်ရှိခဲ့ဖူး
၏။ ပညတ်တရားကို ငါသိရှိပြီးသည့်နောက်တွင်
အပြစ်တရားသည် ရှင်သန်လာခဲ့၏။ ငါလည်းသေခဲ့
၁၀။ ၏။ ငါ့အား အသက်ရှင်စေရန် အသက်ရှင်စေရန်
ကတိပေးထားသော ပညတ်တရားကပင်လျှင် ငါ့၏
၁၁။ အသက်ကိုသေစေခဲ့၏။ အကြောင်းမူကား၊ အပြစ်
တရားသည် ပညတ်တရားအားဖြင့် အခွင့်ကောင်းယူ
ကာ ငါ့ကိုလှည့်ဖြား၍ ထိုတရားအားဖြင့်ပင် ငါ့ကို
၁၂။ သတ်လေ၏။ သို့သော် တရားတော်သည် သန့်ရှင်း

မြင့်မြတ်ခြင်းရှိ၏။ ပညတ်တရားတော်သည်လည်း
ဖြောင့်မတ်မှန်ကန်ခြင်း၊ ကောင်းမွန်မြတ်ခြင်းနှင့်ပြည့်
၁၃။ စုံ၏။ သို့ဖြစ်လျှင် ကောင်းမွန်မြင့်မြတ်သောအရာက
ငါ့အား သေစေနိုင်သလော။ မသေစေနိုင်ရာ ငါ့အား
သေစေသောအရာမှာ အပြစ်တရားဖြစ်၍၊ ထိုအပြစ်
တရားသည် အပြစ်ဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှား
စေခြင်းငှာ ကောင်းမွန်မြင့်မြတ်သောအရာကို အသုံး
ပြုခဲ့ခြင်းသာဖြစ်၏။ ထို့ကြောင့် အပြစ်တရားသည်
အတိုင်းအတာမဲ့ ဆိုးဝါးကြောင်းကို ပညတ်တော်
အားဖြင့် သိကြရ၏။

## လူ့စိတ်အတွင်း၌ရှိသော သဘောတရားနှစ်ရပ်

၁၄။ ပညတ်တရားသည် ဝိညာဉ်နှင့်စပ်ဆိုင်ကြောင်းကို ငါ
တို့သိကြ၏။ အကြောင်းမူကား သွေးသားအလို၌ရှိ၍
၁၅။ အပြစ်တရား၏ကျေးကျွန်လည်းဖြစ်၏။ ငါကိုယ်တိုင်
ပြုကျင့်သော အကျင့်တို့ကိုပင် ငါနားမလည်။
အကြောင်းမူကား၊ ငါသည် ငါမပြုကျင့်လိုသည့်
အတိုင်း မပြုကျင့်ဘဲ ငါရွံ့ရှာမုန်းတီးသောအကျင့်တို့
၁၆။ ကိုကျင့်၏။ ငါသည် ငါမပြုကျင့်လိုသောအမှုတို့ကို
ပြုကျင့်လျှင် ပညတ်တရားသည်ကောင်းမြတ်ကြောင်း
၁၇။ ကို ငါဝန်ခံ၏။ သို့သော် မကောင်းသောအကျင့်ကို
ပြုသောသူသည် ငါကိုယ်တိုင်မဟုတ်။ငါ၏စိတ်နှလုံး
အတွင်း၌ ရှင်သန်နေသောအပြစ်တရားပင်ဖြစ်၏။
၁၈။ အကြောင်းမူကား၊ ငါ၏ သွေးသားအလိုဇာတိထဲ၌
ကောင်းသောအရာ တစ်စုံတစ်ခုမျှ မတည်ရှိကြောင်း
ငါသိ၏။ ကောင်းသောအကျင့်ကိုပြုကျင့်လိုသောစိတ်
သည် ငါ၌ရှိသော်လည်း ငါသည်မပြုနိုင်ချေ။
၁၉။ ငါသည်ပြုကျင့်လိုသော် အကျင့်ကောင်းကို မကျင့်။
၂၀။ မပြုကျင့်လိုသော အကျင့်ဆိုးကိုကျင့်၏။ ထိုသို့ ငါ
သည်မပြုကျင့်သော အကျင့်ကိုကျင့်လျှင် ငါကိုယ်
တိုင်ကျင့်သည်မဟုတ်။ ငါ့စိတ်နှလုံးထဲတွင် ရှိသော
၂၁။ အပြစ်တရားသည် ပြုကျင့်ခြင်းဖြစ်၏။ ငါ့၏စိတ်နှ
လုံးထဲ၌ ဥပဒေတရားတစ်ခုကို ငါတွေ့၏။ ငါသည်
ကောင်းသော အကျင့်ကို ပြုကျင့်လိုသော်လည်း
မကောင်းသောအကျင့်ကို ပြုကျင့်လိုသောစိတ်သည်
ငါ့၏စိတ်နှလုံးထဲ၌ အနီးကပ်ဆုံးပေါ်ထွက်လာ၏။
၂၂။ ငါ့၏စိတ်နှလုံးသည် ဘုရားသခင်၏ပညတ်တရား
၂၃။ တော်ကို နှစ်သက်ဝမ်းမြောက်စွာလက်ခံ၏။ သို့သော်
ကိုယ်ခန္ဓာအတွင်း၌မူကား၊ စိတ်ဝိညာဉ်တရားကို ပိုင်
ဆိုင်တိုက်ခိုက်သည့် အခြားတရားတစ်ခုရှိကြောင်းကို
၂၄။ ငါတွေ့ရပြီ။ ထိုတရားသည် ငါ့ကို ငါ့ကိုယ်ခန္ဓာ
အတွင်း၌ရှိသောအပြစ်တရားလက်တွင် အကျဉ်းသား
၂၅။ ဖြစ်စေသည်ကို ငါမြင်ရ၏။ ငါတို့၏သခင်**ယေရှု**
ခရစ်တော်အားဖြင့် ကယ်တင်တော်မူသာဘုရားသခင်
၏ ကျေးဇူးတော်သည် ကြီးမားတော်မူပေ၏။ ထို့
ကြောင့် ငါသည်စိတ်အားဖြင့် ဘုရားသခင်၏တရား
တော်အောက်၌ အစေခံသော်လည်း သွေးသားအလို
အားဖြင့်မူ အပြစ်တရား၏အောက်၌ အစေခံလျက်ရှိ
၏။

## အခန်းကြီး (၈)
## ဝိညာဉ်တော်အားဖြင့် ရှင်သန်သော အသက်တာ

၁။ သို့ဖြစ်၍ **ယေရှု**ခရစ်တော်၌ရှိသော သူတို့သည်
အပြစ်ဒဏ်စီရင်ခြင်းမှ ကင်းလွတ်ကြ၏။
၂။ အကြောင်းမူကား၊ **ယေရှု**ခရစ်တော်နှင့်၌ရှိ၍အသက်
ရှင်သော ဝိညာဉ်တော်၏ တရားတော်သည် ငါ့ကို
အပြစ်တရားနှင့် သေခြင်းတရား၏ လက်အောက်မှ
လွတ်မြောက်စေသောကြောင့်ကြောင့်ဖြစ်၏။
၃။ အကြောင်းမူကား၊ ဘုရားသခင်သည် လူ့သွေးသား
အလို၏အားနည်းမှုကြောင့် ပညတ်တရားက မတတ်
နိုင်သောအရာကို ဆောင်ရွက်ပေးတော်မူ၏။ ကိုယ်
တော်သည် အပြစ်တရားကိုစီရင်ရန် မိမိသားတော်ကို
အပြစ်ရှိသော သွေးသားအလိုနှင့်တူသော ပုံးပန်း
သဏ္ဌာန်ဖြင့်စေလွှတ်တော်မူ၍၊ လူ့သွေးသားအလို
တွင်ရှိနေသော အပြစ်တရားကို ဒဏ်ခတ်ဖျက်ဆီး
၄။ တော်မူ၏။ အကြောင်းမူကား၊ လူ့သွေးသားအလို
အတိုင်းမဟုတ်ဘဲ ဝိညာဉ်ပကတိအတိုင်းကျင့်ကြံ
လျှောက်လှမ်းကြသော ငါတို့သည်ပညတ်တရား၏
မျှတသောပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းကြ
၅။ စေရန်ဖြစ်၏။ လူ့သွေးသားအလိုရှိသော အသက်ရှင်
သူတို့သည် သွေးသာအလိုနှင့်ဆိုင်သော အရာတို့ကို
စိတ်စွဲလန်းခြင်းရှိကြ၏။ သို့သော်ဝိညာဉ်ပကတိရှိ
သော သူတို့မူကား ဝိညာဉ်ပကတိနှင့်ဆိုင်သော
အရာများကို စိတ်စွဲလန်းခြင်းရှိကြ၏။
၆။ သွေးသားအလိုကိုစွဲလန်းခြင်းသည်သေခြင်းပို့ဆောင်
၏။ ဝိညာဉ်ပကတိကို စွဲလန်းခြင်းသည်အသက်ရှင်
၇။ ခြင်း နှင့်ငြိမ်ချမ်းခြင်းသို့ပို့ဆောင်၏။ ဤအကြောင်း

ကြောင့် ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်
ကိုဆန့်ကျင်၏။ ဘုရားသခင်၏တရားတော်အလိုသို့
၈။ မလိုက်။ အမှန်တကယ်လည်း မလိုက်နိုင်။ မိမိတို့
သွေးသားအလိုစိတ်အလိုအတိုင်း ပြုကျင့်သော သူတို့
သည် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်ကြ။
၉။ သို့ရာတွင် ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့
၌အမှန်ပင် ကျိန်းဝပ်တော်မူသောကြောင့် သင်တို့
သည် သွေးသားအလိုဘက်၌ ရှိကြသည်မဟုတ်။
ခရစ်တော်၏ ဝိညာဉ်ကိုမပိုင်ဆိုင်သောသူသည် ခရစ်
၁၀။ တော်နှင့်မသက်ဆိုင်။ သို့ရာတွင် ခရစ်တော်သည်
သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင် ကိုယ်ကာယ
သည် အပြစ်ကြောင့် သေရမည် ဖြစ်သော်လည်း
ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်
၁၁။ လျက်ရှိ၏။ ထို့ပြင် သခင်**ယေရှု**ခရစ်တော်ကိုသေခြင်း
မှ ရှင်ပြန်ထမြောက်စေတော်မူသော ဘုရားသခင်
၏ဝိညာဉ်တော်သည် သင်တို့၌ ကျိန်းဝပ်တော်မူလျှင်
ခရစ်တော်ကို သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူ
သော ဘုရားသခင်သည် သင်တို့၌ကျိန်းဝပ်တော်မူ
သော ထိုဝိညာဉ်တော်အားဖြင့် သင်တို့၏ သေတတ်
သော ကိုယ်ခန္ဓာကိုလည်း အသက်ရှင်စေတော်မူလိမ့်
၁၂။ မည်။ သို့ဖြစ်လျှင် ညီအစ်ကိုတို့ ငါတို့သည်သွေး
သား၏ကျွန်များမဟုတ်ကြသောကြောင့်သွေးသား၏
၁၃။ အလိုသို့ လိုက်ကျင့်ကြရမည်မဟုတ်။ ငါတို့သည်
လူ့သွေးသားအလိုသို့ လိုက်၍ ပြုမူကျင့်ကြံပါက
သေရကြလိမ့်မည်။ ကိုယ်ကာယတပ်မက်ခြင်းအကျင့်
များတို့ကို ဝိညာဉ်တော်အားဖြင့် သေစေကြလျှင်မူ
၁၄။ ကား အသက်ရှင်ကြလိမ့်မည်။ အကြောင်းမူကား၊
ဘုရားသခင် ဝိညာဉ်တော်၏ လမ်းပြဦးဆောင်မှုကို
ခံယူသောသူတို့သည် ဘုရားသခင်၏သား၊ သမီးများ
၁၅။ ဖြစ်ကြ၏။ ဘုရားသခင်ထံတော်မှ သင်တို့သည်
ကျွန်စိတ်ဓာတ်ကို ရရှိခဲ့ကြသည်မဟုတ်သောကြောင့်
ကြောက်ရွံ့ရန်မလိုပေ။ သင်တို့သည် သားသမီးတို့
၏ စိတ်ဓါတ်ကို ရရှိခဲ့သောကြောင့် **'အဗ္ဗ'** အဘဟု
ကြွေးကြော်နိုင်ကြ၏။
၁၆။ ငါတို့သည် ဘုရားသခင်၏သားများဖြစ်ကြကြောင်း
ကိုဝိညာဉ်တော်ကိုယ်တိုင်ကပင် ငါတို့၏ ဝိညာဉ်နှင့်
၁၇။ အတူ သက်သေခံတော်မူ၏။ ငါတို့သည် သားသမီး
အမွေစားအမွေခံများဖြစ်ကြလျှင်အမွေစားအမွေခံများ
လည်းဖြစ်ကြ၏။ ထို့ကြောင့် ငါတို့သည် ဘုရား
သခင်၏သားသမီးများ ဖြစ်ကြသဖြင့် ခရစ်တော်
နှင့်လည်းအတူတကွ အမွေတော်ကိုခွဲဝေခံစားကြရ
မည်ဖြစ်၏။ အကြောင်းမူကား ငါတို့သည်ခရစ်တော်
နှင့်အတူ ဆင်းရဲဒုက္ခခံစားကြလျှင် ထိုသခင်နှင့်အတူ
ဘုန်းစည်းစိမ်တော်ကို ခံစားကြရ မည်ဖြစ်သော
ကြောင့်တည်း။

## အနာဂတ် ဘုန်းကျက်သရေ

၁၈။ ယခုမျက်မှောက်ကာလ၌ငါတို့ခံရကြသောဒုက္ခဆင်းရဲ
တို့သည် ငါတို့အားထင်ရှားစေမည့် ဘုန်းကျက်သရေ
၁၉။ နှင့် နှိုင်းယှဉ်၍မရနိုင်ဟု ငါမှတ်ယူ၏။ ဘုရားသခင်
သည်မိမိ၏သားသမီးများကိုပေါ်လွင်ထင်ရှားစေမည့်
အချင်းအရာကို ဖန်ဆင်းခံကမ္ဘာလောက တစ်ခုလုံး
က စိတ်အားထက်သန်စွာ တောင့်တစောင့်မျှော်
၂၀။ လျှက်ရှိ၏။ ဖန်ဆင်းခံကမ္ဘာကြီးသည် အနန္တဖြစ်ရန်
စီရင်ခြင်းခံခဲ့ရ၏။ သို့ဖြစ်ရခြင်းမှာ ကမ္ဘာလောက
၏အလိုကြောင့်မဟုတ်ဘဲ ထိုသို့ဖြစ်ရန်စီရင်တော်မူ
သော ဘုရားသခင်၏ အလိုတော်ကြောင့်သာဖြစ်၏။
၂၁။ သို့သော်လည်းမျှော်လင့်ချက်ရှိသေး၏။ ထိုမျှော်လင့်
ချက်မှာ တစ်နေ့သောအခါ ဖန်ဆင်းခံကမ္ဘာလောက
ကြီးသည်ဖောက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှလွတ်
ကင်း၍ ဘုရားသခင်သားသမီးများ၏ဘုန်းဂုဏ်တော်
၂၂။ ကိုခံစားခွင့်ရရှိမည်ဖြစ်အကြောင်းတည်း။ ဖန်ဆင်းခံ
ကမ္ဘာလောကတစ်ခုလုံးသည်ယခုတိုင်အောင်သားဖွားြ
ခင်း ဝေဒနာကို ပြင်းပြစွာဝေဒနာကိုခံစား ကြလျက်
ညည်းတွားနေကြောင်းကို ငါတို့သိရှိကြ၏။
၂၃။ ဖန်ဆင်းခံကမ္ဘာလောကကြီးသာမက ဝိညာဉ်တော်၏
ကျေးဇူးတော်ကို ပထမဦးစွာခံစားကြပြီးသော ငါတို့
သည်လည်း ဘုရားသခင်၏ သားသမီးဖြစ်ရခြင်း
တည်းဟူသောငါတို့ကိုယ်ခန္ဓာများရွေးနှုတ်ကယ်တင်
ခံရခြင်းကို စောင့်မျှော်ကာစိတ်နှလုံးထဲ၌ညည်းတွား
နေကြ၏။
၂၄။ ငါတို့သည်မျှော်လင့်ခြင်းအားဖြင့်ကယ်တင်ခြင်းခံကြ
ရ၏။ သို့သော် ယခုငါတို့မြင်တွေ့ရသောမျှော်လင့်
ခြင်းသည် မျှော်လင့်ခြင်း မဟုတ်တော့ချေ။
မည်သူသည်မြင်ရသောအရာကို မျှော်လင့်မည်နည်း။
၂၅။ သို့သော် ငါတို့သည် မတွေ့မမြင်ရသောအရာကို
မျှော်လင့်လျှင်မူကားထိုအရာကိုစိတ်ရှည်သည်းခံခြင်း
ဖြင့်စောင့်ငံ့မျှော်လင့်ကြ၏။
၂၆။ ထိုနည်းတူ ဝိညာဉ်တော်သည်လည်း အားနည်းသော
ငါတို့အားကူညီမစတော်မူ၏။ ငါတို့သည်မည်ကဲ့သို့

ဆုတောင်း ကြရမည်ကိုလည်း မသိကြ။ သို့သော်
ထိုဝိညာဉ်တော်သည် နှုတ်ဖြင့် မဖော်ပြနိုင်သော
ညည်းတွားသံဖြင့် ဘုရားသခင်ထံတော်သို့ အသနား
၂၇။ ခံတော်မူ၏။ လူတို့၏စိတ်နှလုံးကို စစ်ကြောသိမြင်
တော်မူသော ဘုရားသခင်သည် ဝိညာဉ်တော်၏
စိတ်သဘောကိုလည်းသိတော်မူ၏။အကြောင်းမူကား
ဝိညာဉ်တော်သည်ဘုရားသခင်၏အလိုတော်နှင့်အညီ
သန့်ရှင်းသော သူတို့အတွက် အသနားခံတော်မူသော
ကြောင့်ဖြစ်၏။

## ဘုရားသခင်၏ ချစ်ခြင်းမှမည်သူခွဲခွါ နိုင်မည်နည်း

၂၈။ ဘုရားသခင်၏အကြံအစည်တော်အတိုင်း၊ ခေါ်ဖိတ်
ခြင်းခံရ၍ ဘုရားသခင်ကို ချစ်သောသူတို့အတွက်
ခပ်သိမ်းသောအရာတို့သည် ကောင်းကျိုးကိုသာဖြစ်
၂၉။ ပေါ်စေကြောင်း ငါတို့သိကြ၏။ ကိုယ်တော်သည်
မိမိကြိုတင်ရွေးချယ်ထားသောမူသော သူတို့အား မိမိ
၏သားတော်၏ပုံသဏ္ဍာန်နှင့်တူနိုင်ရန် အစဦးကပင်
သတ်မှတ်ထားတော်မူ၏။ သို့မှသာ ဘုရားသခင်၏
သားတော်သည် မြောက်များလှစွာသောညီအစ်ကို
၃၀။ မောင်နှမတို့တွင်သားဦးဖြစ်လာလိမ့်မည်။ကိုယ်တော်
သည် ဤသို့သတ်မှတ်ထားတော်မူသော သူတို့ကို
ခေါ်တော်မူ၏။ ခေါ်တော်မူသော သူတို့ကိုလည်း
ကိုယ်တော်သည် ဖြောင့်မတ်စေတော်မူ၏။ ထိုသို့
ဖြောင့်မတ်စေတော်မူသော သူတို့လည်း ကိုယ်တော်
သည် ဘုန်းဂုဏ်တော်သို့မြောက်စားတော်မူ၏။

## ခရစ်တော် ယေရှုး၌ ထင်ရှားသော ဘုရားသခင်၏ မေတ္တာတော်

၃၁။ သို့ဖြစ်၍ ဤအရာများတို့၌ ငါတို့သည်မည်သို့ဆို
ရအံ့နည်း။ ဘုရားသခင်သည် ငါတို့ဖက်၌ရှိတော်မူ
လျှင် မည်သူသည် ငါတို့ကို ဆန့်ကျင်နိုင်မည်နည်း။
၃၂။ မိမိ၏သားတော်ရင်းကိုပင် နှမြောတွန့်တိုခြင်း မရှိဘဲ
ငါတို့အားလုံးအတွက် စွန့်တော်မူသောသူသည် သား
တော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အား
၃၃။ မပေးဘဲ နေတော်မူမည်လော။ ဘုရားသခင် ရွေးချယ်
ထားတော်မူသော သူတို့ကိုမည်သူသည် စွပ်စွဲအပြစ်
တင်မည်နည်း။ ဖြောင့်မတ်ရာ၌ ရောက်စေသောသူ
ကား ဘုရားသခင် ကိုယ်တော်တိုင်ပင်ဖြစ်တော်မူ၏။
၃၄။ မည်သူသည် သူတို့အား အပြစ်စီရင်နိုင်သနည်း။
အသေခံတော်မူသည်သာမက သေခြင်းမှရှင်ပြန်ထ
မြောက်ပြီး ဘုရားသခင်၏ လက်ယာတော်ဘက်တွင်
ထိုင်တော်မူ၍ ငါတို့အတွက် ဆုတောင်းပေးသော
၃၅။ ခရစ်တော်သည်စီရင်မည်လော။ သို့ဖြစ်၍ မည်သူ
သည် ငါတို့ကိုခရစ်တော်၏မေတ္တာတော်နှင့်ကင်းကွာ
၃၆။ စေနိုင်မည်နည်း။ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက်
တစ်နေ့လုံးသတ်ဖြတ်ခြင်းကိုခံနေရကြပါ၏။ သတ်
ရန်ရည်ရွယ်ထား သောသိုးများကဲ့သို့ ကျွန်ုပ်တို့သည်
မှတ်သားခြင်းခံကြရပါ၏ဟူ၍ ရေးထားသောကျမ်း
စကားအတိုင်းဖြစ်၏။ ဒုက္ခအခက်အခဲများ၊ ဆင်းရဲ
နွမ်းပါးခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်းများ၊ အစာခေါင်း
ပါးခြင်း၊ အဝတ်အစားကင်းမဲ့ခြင်း၊ ဘေးအန္တရာယ်
နှင့် ကြုံတွေ့ခြင်း၊ ကွပ်မျက်ခံရခြင်း စသည်တို့သည်
ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကိုကွဲကွာစေ
၃၇။ မည်လော။ မကွဲကွာစေသည်သာမက ငါတို့ကိုချစ်
တော်မူသောအားဖြင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့
ကို ခံစဉ်၌ပင် အောင်နိုင်သူများဖြစ်ကြ၏။
၃၈။ အကြောင်းမူကား မည်သည့်အရာမျှ ငါတို့အား
ကိုယ်တော်၏ မေတ္တာတော်နှင့် မကွဲမကွာစေနိုင်။
သေခြင်းဖြစ်စေ၊အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်
တမန်ဖြစ်စေ၊ အုပ်စိုးသူများဖြစ်စေ၊ ပစ္စုပ္ပန်ကာလ
၃၉။ ဖြစ်စေ၊ အနာဂတ်ကာလဖြစ်စေ။ အာဏာတန်ခိုး
ဖြစ်စေ၊ ကောင်းကင်အထက်မှဖြစ်စေ၊မြေကြီးအောက်
မှဖြစ်စေ၊ ဖန်ဆင်းထားသော အရာတို့၌ မည်သည့်
အရာပင်ဖြစ်စေ ငါတို့အရှင်**ယေရှုး**ခရစ်တော်အားဖြင့်
ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့အား မကွဲ
မကွာစေနိုင်ဟု ငါစွဲမြဲစွာ ခံယူသောကြောင့်တည်း။

# အခန်းကြီး (၉)

## ထာဝရဘုရား၏ လူမျိုးတော်

၁။ ငါ၏သြတ္တပ္ပစိတ်သည် မှန်မြတ်သောဝိညာဉ်တော်၌
သက်သေခံလျက် ငါသည် မုသားမပါဘဲ၊ ခရစ်တော်
၂။ ၌ မှန်ကန်စွာပြောဆိုသည်ကား ငါသည် အလွန်ဝမ်း
နည်းပူဆွေး၍ စိတ်နှလုံးထဲ၌အခါမလပ်ပြင်းပြသော
၃။ ပူပန်ခြင်းဝေဒနာကို ခံစားရ၏။ အကြောင်းမူကား၊
ငါ၏သွေးချင်းသားခြင်းဖြစ်ကြသော ငါ့ညီအစ်ကိုတို့

၏ အကျိုးအတွက်ကျိန်စာသင့်ခြင်းကိုလည်းကောင်း
ခရစ်တော်နှင့်ခွဲခွာနေရခြင်းကိုလည်းကောင်း ခံလို
၄။ သည့်ဆန္ဒရှိခဲ့၏။ သူတို့သည် **အစ္စရေးလ်**လူမျိုးများ
ဖြစ်ကြ၍၊ သားသမီးအဖြစ် မွေးစားခံရခြင်း၊ ဘုန်း
ဂုဏ်တော်သင်္ချိုညာဉ်တော်များ၊ ပညတ်တရားကိုပေး
တော်မူခြင်းနှင့် ကတိတော်တို့ကို ပိုင်ဆိုင်ကြ၏။
၅။ သူတို့၌ **ဟေဗြဲ**ဘိုးဘေးများရှိကြ၏။ ခရစ်တော်
သည် သွေးသားအားဖြင့်ထိုဘိုးဘေးများမှဆင်းသက်
လာ၍ ခပ်သိမ်းသောအရာတို့ကို အစိုးရတော်မူ၏။
ဘုရားသခင်အား အစဉ်ထာဝရ ကောင်းချီးမင်္ဂလာရှိ
ပါစေသော်။ အာမင်။

## ထာဝရဘုရား ကတိတည်တော်မူခြင်း

၆။ ထာဝရဘုရား၏နှုတ်ကပတ်တော်သည် အရေးနိမ့်ခဲ့
သည်ဟု ငါမဆိုလို။ အကြောင်းမူကား၊ **အစ္စရေးလ်**
လူမျိုးအားလုံးသည် ဘုရားသခင်၏လူမျိုးတော်တွင်
၇။ မပါဝင်ကြချေ။ ထိုနည်းပင် **အာဗြဟံ**မှဆင်း
သက်လာသော သူအားလုံးတို့ကိုလည်း သူ့၏သား
မြေးအစစ်အမှန်မဟုတ်ကြချေ။ အကြောင်းမူကား၊
ထာဝရဘုရားက **အိဇက်**အားဖြင့်သာလျှင် သင်၏
အမျိုးအနွယ်တည်လိမ့်မည်ဟု **အာဗြဟံ**အား
၈။ မိန့်တော်မူ၏။ ထို့ကြောင့် သွေးသားအားဖြင့် **အာ
ဗြဟံ**မှဆင်းသက်လာသောသူများသည် ဘုရား
သခင်၏သားသမီးများ မဖြစ်လာကြပေ။ သို့သော်
ကတိတော်နှင့်ဆိုင်သော သားသမီးများသာလျှင်
အမွေခံအမျိုးနွယ်အဖြစ် မှတ်ယူခြင်းခံကြရ၏။
၉။ ကတိတော်မူကား၊ နောင်နှစ် ဤအချိန်၌ ငါပြန်လာ
သောအခါ၊ **ဆာရာ**သည် သားယောကျ်ားတစ်ဦးကို
၁၀။ ရရှိလိမ့်မည်ဟူ၍တည်း။ ထိုမျှမကသေး၊ ရေဗက္ကာ
သည် ငါတို့အဘ**အိဇက်**နှင့်စုံဖက်၍ သားအမွှာကို
သင်္ချိုသန္ဓေရှိသောအခါ၌လည်း ထို့နည်းတူဖြစ်ပျက်
၁၁။ လေ၏။ ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း
ဆိုင်သော အကြံအစည်တော်ဆက်လက်တည်ရှိရန်
မှာ သူတို့၏အကျင့်များပေါ်တွင် အတည်ဘဲ၊ ကိုယ်
တော်၏ခေါ်တော်မူခြင်း အပေါ်မှာသာတည်ကြောင်း
ကိုသူမ၏သားသမီးများ မဖွားမြင်မီနှင့် ထိုသားတို့
၁၂။ အဆိုးအကောင်း မပြုနိုင်မီကပင်၊ သားကြီးသည်
သားငယ်ကိုအစေခံရကြလိမ့်မည်ဟု သူမအား ဗျာ
၁၃။ ဒိတ်ပေးတော်မူခဲ့၏။ ထိုအတိုင်းပင် ငါသည် **ယာ
ကုပ်**ကိုချစ်၍ **ဧဆော**ကို မုန်း၏ဟူ၍ ကျမ်းစာတွင်
ရေးထားသတည်း။

## ထာဝရဘုရားသည်တရားမျှတတော်မူ၏

၁၄။ သို့ဖြစ်၍ ကျွန်ုပ်တို့ အဘယ်သို့ ပြောဆိုရမည်နည်း။
ဘုရားသခင်သည်တရားမျှတမှုမရှိဟုဆိုရမည်လော
၁၅။ ထိုသို့ မပြောဆိုနိုင်။ ထာဝရဘုရားက **မိုးဇက်**အား
ငါကရုဏာသက်သောသူကို ငါကရုဏာသက်မည်။
ငါသနားလိုသောသူကို ငါသနားမည်ဟု မိန့်တော်
၁၆။ မူ၏။ ထို့ကြောင့် ဘုရားသခင် ရွေးကောက်တော်မူ
ခြင်းသည်လူတစ်ဦးတစ်ယောက် အလိုဆန္ဒသို့မဟုတ်
သူ၏ ကြိုးစားအားထုတ်မှုအပေါ်တွင် မူတည်သည်
မဟုတ်၊ ကိုယ်တော်၏သနား ကရုဏာပေါ်တွင်သာ
၁၇။ မူတည်ပေသည်။ သမ္မာကျမ်းစာတော်၌ကိုယ်တော်က
**ဖာရော**ဘုရင်အားမိန့်ဆိုသည်မှာ သင့်ကိုဘုရင်အဖြစ်
ချီးမြှောက်ရခြင်းအကြောင်းမှာ သင့်အားဖြင့် ငါ၏
ဘုန်းတန်ခိုးတော်ကိုပြသ၍ကမ္ဘာမြေတစ်ပြင်လုံးတွင်
ငါ၏နာမတော် ပျံ့နှံ့ကျော်ကြားစေရန် ဖြစ်ဖြစ်သည်
ဟူ၍တည်း။
၁၈။ သို့ဖြစ်၍ ဘုရားသခင်သည်သနားကရုဏာသက် လို
သောသူအပေါ် သနားကရုဏာသက်တော်မူ၍ စိတ်
နှလုံးတင်းမာစေလိုသောသူအပေါ်၌လည်း စိတ်နှလုံး
ခက်ထန် တင်းမာစေတော်မူ၏။

## ဘုရားသခင်၏အမျက်တော်နှင့်ကရုဏာတော်

၁၉။ ထို့သို့ဖြစ်ပါလျှင် ဘုရားသခင်သည် လူတို့ကို
အဘယ့်ကြောင့် အပြစ်တင်သနည်း။ မည်သူသည်
ကိုယ်တော်၏အလိုတော်ကို ဆန့်ကျင်နိုင်ပါမည်နည်း
၂၀။ ဟု သင်တို့ငါ့ကိုမေးမြန်းလိုပေလိမ့်မည်။ အသင်လူ
သား သင်သည်မည်သူဖြစ်၍ ဘုရားသခင်နှင့်ငြင်းခုံ
နိုင်သနည်း။ ပုံသွင်းခံရသူက ပုံသွင်းသူအား အရှင်
သည် အဘယ်ကြောင့် ကျွန်ုပ်ကို ဤသို့ပုံသွင်းရ
၂၁။ သနည်းဟု မေးနိုင်မည်လော။ အိုးထိန်းသည် ရွှံ့စေး
တစ်မျိုးထဲမှ အိုးကောင်းနှင့်အိုးညံ့ကို မိမိအလိုဆန္ဒ
၂၂။ အတိုင်း ပြုလုပ်ပိုင်သည်မဟုတ်လော။ ဤနည်းတူပင်
ဘုရားသခင်သည် မိမိအမျက်တော်ကို ပြရန်နှင့် မိမိ
တန်ခိုးတော်ကို ထင်ရှားစေရန် အလိုရှိတော်မူသော်
လည်း အမျက်တော်သင့်၍ ဖျက်စီးခြင်းခံရမည့် အိုး
များအပေါ် အလွန်စိတ်ရှည်စွာ သည်းခံတော်မူသည်
၂၃။ ကို မည်သို့ဆိုမည်နည်း။ ထို့အပြင်ကိုယ်တော်သည်
ဘုန်းဂုဏ်တော်အတွက် မိမိကြိုတင်ပြင်ဆင်ထား

တော်မူသော သနားကရုဏာ ခံထိုက်သူများအား မိမိ
၏ကြွယ်ဝသော ဘုန်းဂုဏ်တော်ကို ထင်ရှားစေရန်
ဤသို့ပြုတော်မူလျှင် မည်သို့ဆိုရမည်နည်း။
၂၄။ ထိုသူများတွင် ကိုယ်တော်ခေါ်တော်မူသော ငါတို့
လည်းပါဝင်ကြ၏။ **ဂျူး**လူမျိုးများသာမဟုတ်ဘဲ၊ လူ
မျိုးခြားတို့အထဲမှလည်း ပါဝင်ကြ၏။
၂၅။ ပရောဖက် **ဟိုဇေယ**ကျမ်း၌ သခင်ဘုရားမိန့်တော်မူ
သည်ကား ငါ၏လူမျိုးတော် မဟုတ်သောသူတို့ကို
ငါ၏လူမျိုးတော်ဟု ငါခေါ်မည်။ ငါချစ်မြတ်နိုးသူ
မဟုတ်သော သူမကိုလည်း ငါချစ်မြတ်နိုးသူဟု ခေါ်
၂၆။ မည်။ သင်တို့ကိုငါ၏လူမျိုးတော်မဟုတ်ဟုအပြောခံ
ရသောအရပ်၌ပင် နေသော သူတို့သည် အသက်ရှင်
တော်မူသော ဘုရားသခင်၏ သားသမီးများဟု ခေါ်
၂၇။ ဝေါ်ခြင်း ခံကြရလိမ့်မည်ဟူ၍သတည်း။ ပရောဖက်
**အီဇာယ**သည်လည်း**အစ္စရေးလ်**လူမျိုးများကိုရည်ညွှန်
း၍ကြွေးကြော်သည်ကား **အစ္စရေးလ်**လူမျိုးများသည်
သမုဒ္ဒရာသဲလုံး နှင့်အမျှ များပြားသော်လည်း၊ သူတို့
အထဲမှကြွင်းကျန်သော လူနည်းစုသာလျှင် ကယ်တင်
၂၈။ ခြင်းခံရလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရား
သည် ကမ္ဘာမြေပေါ်၌ မိမိ၏ တရားစီရင်ခြင်းကို
တိကျလျင်မြန်စွာပြုတော်မူမည်ဟု ဆိုသတည်း။
၂၉။ ထိုသို့နှင့်အညီ **အီဇာယ**ကြိုတင်ဟောထားသည်ကား၊
ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ငါတို့
အတွက် သားမြေးအချို့တို့ကိုအသက်ရှင်ကြွင်းကျန်
ရှင်စေတော်မမူခဲ့လျှင် ငါတို့သည်**ဆိဒုံ**နှင့်**ဂေါ်မောရာ**
မြို့တို့ကဲ့သို့ ဖြစ်ကြလိမ့်မည်။

## ယုံကြည်ခြင်း

၃၀။ ထို့ကြောင့် ငါတို့သည် အဘယ်ကြောင့်ပြောဆိုရ
မည်နည်း။ ဖြောင့်မတ်ခြင်းတရားကို ရှာဖွေခြင်းမပြု
သောလူမျိုးခြားတို့သည် ဖြောင့်မတ်ခြင်းတရားကို
၃၁။ တွေ့ရှိကြ၏။ ထိုသို့ဆိုရသော် ယုံကြည်ခြင်းတရား
မှရရှိလာသော ကယ်တင်ခြင်းပေးသည့် ဖြောင့်မတ်
ခြင်းတရားဖြစ်သတည်း။ သို့သော် **အစ္စရေးလ်**လူမျိုး
တို့မှာမူ ဖြောင့်မတ်ခြင်းတရားကို ပညတ်ဥပဒေဖြင့်
လိုက်ကျင့်ခြင်းပေါ် အမှီပြု၍ရှာဖွေကြသော်လည်း
ပညတ်တရားဥပဒေကို လိုက်လာရာတွင် မအောင်
၃၂။ မြင်ခဲ့ကြချေ။ အဘယ့်ကြောင့် အောင်မြင်ကြသနည်း၊
အကြောင်းမူကား၊ သူတို့သည် ဖြောင့်မတ်ခြင်းတရား
ကို ယုံကြည်ခြင်းတရားဖြင့်မဟုတ်ဘဲ၊ ပညတ်တရား
၏အကျင့်သီလအပေါ်၌ အခြေခံကြသောကြောင့်ဖြစ်
၃၃။ ၏။ သူတို့သည် ခလုတ်တိုက်စေတတ်သောကျောက်
ကို တိုက်မိ၍၊ လဲကျခဲ့ကြ၏။ ကျမ်းစာ၌လာသည်
ကား၊ လူကိုခလုပ်တိုက်လဲကျစေသော ကျောက်ကို
**ဇီအုန်**တောင်ပေါ်မှာ ယခုငါချထားမည်။ ထိုသူ၌
ယုံကြည်သောသူမည်သည်ကား အရှက်တကွဲမဖြစ်
နိုင်ရာဟု လာတည်း။

## အခန်းကြီး (၁၀)

၁။ ညီအစ်ကိုတို့ **အစ္စရေးလ်**လူမျိုးများကယ်တင်ခြင်းရရှိ
စေရန် ငါ၏စိတ်နှလုံး၌လိုလား၍ ဘုရားသခင်ထံ
၂။ တော်တွင် ဆုတောင်းပါ၏။ သူတို့သည်ဘုရားသခင်
အပေါ် စိတ်အားထက်သန်စွာ ကြည်ညိုကြကြောင်း
ငါသက်သေခံပါ၏။ သို့သော် သူတို့၏ကြည်ညိုခြင်း
၃။ သည် အသိတရားမှန်မှ လွဲချော်လျက်ရှိ၏။ ထိုသူတို့
သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတော်ကို
ဝန်ခံမည့်အစား၊ မိမိတို့၏ကိုယ်ပိုင် ဖြောင့်မတ်ခြင်း
လမ်းစဉ်ကို ကြိုးစား၍ တည်ဆောက်နေကြသော
ကြောင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်း တရားတော်
၄။ ကို ဝန်မခံဘဲနေကြ၏။ အကြောင်းမူကား၊ ယုံကြည်
သူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည့်
အကြောင်း ခရစ်တော်သည် ပညတ်တရားကို အဆုံး
သတ်စေတော်မူခဲ့၏။

## ကယ်တင်ခြင်းသည်လူသားအားလုံးအတွက် ဖြစ်၏

၅။ ပညတ်တရားမှလာသော ဖြောင့်မတ်ခြင်းတရားကို
ရည်ညွှန်း၍ **မိုးဇက်**က ထိုအရာများကိုကျင့်သောသူ
သည် ထိုပညတ်အားဖြင့် အသက်ရှင်လိမ့်မည်ဟု
၆။ ရေးထား၏။ သို့သော်ယုံကြည်ခြင်းတရားနှင့်စပ်ဆိုင်
သော ဖြောင့်မတ်ခြင်း တရားတော်ကဆိုသည်မှာ
ကောင်းကင်သို့ မည်သူတက်လိမ့်မည်နည်း။ ဆိုလို
သည်မှာ ခရစ်တော်ကိုဆောင်ယူခြင်းငှါ ကောင်းကင်
သို့ မည်သူ တတ်လိမ့်မည်နည်းဟူ၍လည်းကောင်း၊
၇။ နက်နဲသောအောက်နိမ့်ရာအရပ်သို့ အဘယ်သူဆင်း
လိမ့်မည်နည်း။ ဆိုလိုသည်မှာ ခရစ်တော်ကိုသေခြင်း
မှ ရှင်ပြန်ထမြောက်စေခြင်းငှါ နက်နဲသောအောက်

နိမ့်ရာအရပ်သို့မည်သူဆင်းလိမ့်မည်နည်းဟူ၍လည်း
ကောင်း သင်၏စိတ်နှလုံးအတွင်း၌ မအောက်မေ့လေ
၈။ နှင့်ဟုဆိုသတည်း။ မည်သို့ဆိုလိုသနည်း။ နှုတ်က
ပတ်တော် တရားတော်သည် သင်၏ အနီး၌လည်း
ကောင်း၊ သင်၏နှုတ်ဖျားနှင့် သင်၏စိတ်နှလုံးထဲ၌
လည်းကောင်းရှိသည်ဟုဆို၏ အဓိပ္ပာယ်မှာယုံကြည်
ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်သည်
ငါတို့ ဟောပြောသော ယုံကြည်ခြင်းတရားကိုဆိုလို
၉။ သတည်း။ အဘယ်ကြောင့်ဆိုသော် သင်သည်**ယေရှု**
သခင်ကို အရှင်သခင်ဖြစ်တော်မူကြောင်းကို နှုတ်ဖြင့်
ဝန်ခံ၍ ဘုရားသခင်သည် သူ့အားသေခြင်းမှ ရှင်ပြန်
ထမြောက် စေတော်မူကြောင်းကို စိတ်နှလုံးဖြင့်ယုံ
ကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။
၁၀။ အကြောင်းမူကား၊ဖြောင့်မတ်ခြင်းခံရခြင်းငှါစိတ်နှလုံး
ဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ
၁၁။ နှုတ်ဖြင့်ဝန်ခံရ၏။ ကျမ်းစာတော်၌ ကိုယ်တော်ကို
ယုံကြည်သော သူသည် အရှက်တကွဲ မဖြစ်နိုင်ရာ၊
၁၂။ အကြောင်းမူကား**ဂျူး**လူမျိုး၊**ဂရိ**လူမျိုးဟူ၍၊ခွဲခြားခြင်း
မရှိ။ ကိုယ်တော်သည်လူအပေါင်းတို့၏ သခင်ဘုရား
ဖြစ်တော်မူ၏။ ကိုယ်တော်ထံ ဆုတောင်းပတ္ထနာပြု
သော သူအပေါင်းတို့အား ကျေးဇူးတော်များကိုကြွယ်
၁၃။ ဝစွာပေးသနားတော်မူ၏။ အကြောင်းမူကား၊ ထာဝရ
ဘုရား၏နာမတော်ကို ခေါ်တဆုတောင်းသောသူဟူ
သမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြ
၁၄။ လတ္တံ့ဟု ဖော်ပြထားသည်။ သို့ရာတွင် သူတို့သည်
ကိုယ်တော်ကို မယုံကြည်ဘဲလျက် ကိုယ်တော်
ထံမည်သို့ ဆုတောင်းပတ္ထနာပြုနိုင်မည်နည်း။ ကိုယ်
တော်၏သတင်းကိုမကြားရဘဲလျက် မည်ကဲ့သို့သူကို
ယုံကြည်နိုင်မည်နည်း။ ကိုယ်တော်၏အကြောင်းကို
ဟောပြောသူမရှိဘဲလျက် မည်ကဲ့သို့သူ့အကြောင်းကို
ကြား နိုင်မည်နည်း။
၁၅။ စေလွှတ်ခြင်းမခံရလျှင် ဟောပြောသူများမည်ကဲ့သို့ရှိ
နိုင်မည်နည်း။ ထိုကဲ့သို့ပင် ကျမ်းစာတော်၌ရေးထား
သည့်ကား သတင်းကောင်းကို ယူဆောင်လာသောသူ
တို့၏ ခြေတို့သည် အလွန်တင့်တယ်စွတကားဟုဆို
ထားလေသတည်း။
၁၆။ သို့ရာတွင် လူအားလုံးသည် ထိုသတင်းကောင်းကို
လက်ခံယုံကြည်ခြင်း မရှိချေ။ ပရောဖက်**အိဇာယ**က
အိုထာဝရဘုရား၊ အကျွန်ုပ်တို့ဟော ပြောသော
သတင်းကောင်းကို မည်သူယုံကြည်ပါသနည်းဟုမေး
၁၇။ လေ၏။ သို့ဖြစ်၍ ယုံကြည်ခြင်းကို ကြားနာ
ခြင်းအားဖြင့် ရရှိ၏ကြားနာခြင်းကို ခရစ်တော်၏
နှုတ်ကပတ်တော်သော်ဟောပြောခြင်းအားဖြင့်ရရှိ၏။
၁၈။ သို့သော် လူအပေါင်းတို့သည် နှုတ်ကပတ်တော်ကို
မကြားနာခဲ့ကြသလောဟု ငါမေးလို၏။ သူတို့သည်
ဧကန်အမှန်ကြားနာခဲ့ရ၏။ အကြောင်းမူကား၊ ဟော
ပြောသောသူတို့၏အသံသည် ကမ္ဘာမြေတစ်ဝှမ်းလုံး
တိုင်အောင် ပျံ့နှံ့သွား၍ သူတို့၏ တရားစကား
သည်လည်း ကမ္ဘာမြေကြီး စွန်းတိုင်အောင်ရောက်
ရှိလေပြီဟု ကျမ်းစာတော်၌ ရေးထား၏။
၁၉။ တစ်ဖန် ငါမေးလိုသည်ကား၊ **အစ္စရေးလ်**လူမျိုးတို့
သည် ဤအမှုကိုနားမလည်ခဲ့ကြသလော။ ပထမဦး
စွာ **မိုးဇက်**က ငါသည်လူမျိုးမဟုတ်သော လူမျိုးဖြင့်
သင်တို့ကိုမနာလိုသောစိတ်ရှိစေခြင်းငှါလည်းကောင်း
ပညာအသိတရားမဲ့သော လူမျိုးအားဖြင့် သင်တို့ကို
ဒေါသအမျက်ထွက် စေခြင်းငှာလည်းကောင်း၊ ငါပြု
၂၀။ မည်ဟုဆို၏။ **အိဇာယ**ကလည်းသာ၍ ရဲရင့်စွာ
ဆိုသည်ကား ငါ့ကိုမရှာသောသူတို့သည် ငါ့ကိုတွေ့
ရှိကြ၏။ ငါ၏အကြောင်းကို မမေးမြန်းသော
၂၁။ သူတို့သည်ငါ့ကိုမြင်ကြ၏ဟုဆိုထားလေ၏။သို့သော်
**အစ္စရေးလ်**လူမျိုးတို့ကို ရည်ညွှန်း၍ **အိဇာယ**က
ဆိုသည်မှာ ငါ့ကိုမနာခံဘဲ ဆန့်ကျင်ပုန်ကန်တတ်
သောလူမျိုးအား၊ငါ၏လက်တော်ကိုတစ်နေ့လုံးကမ်း
လှမ်း ပေးလျက်ရှိ၏ဟူ၍တည်း။

## အခန်းကြီး (၁၁)

### အစ္စရေးလ်လူမျိုးအပေါ်ဘုရား၏ကရုဏာတော်

၁။ သို့ဖြစ်လျှင် ဘုရားသခင်သည် မိမိလူမျိုးကိုပစ်ပယ်
တော်မူပြီလောဟု ငါမေးသော်။ပစ်ပယ်တော်အမူချေ၊
ငါကိုယ်တိုင်ပင်လျှင်**အစ္စရေးလ်**အမျိုးသား **အာဗရာ**
**ဟမ်**မှဆင်းသက်သူ**ဗင်ဂျာမင်**အနွယ်ဝင် တစ်ဦးဖြစ်
၂။ ၏။ ဘုရားသခင်သည် အထက်ကာလမှအသိအမှတ်
ပြုထားသော မိမိလူမျိုးတော်ကို မည်သည့်အခါမျှ ပစ်
ပယ်ထားတော်မမူချေ။ ကျမ်းစာတော်တွင် ပရောဖက်
**ဧလိယ**သည် ဘုရားသခင်ထံ **အစ္စရေးလ်**လူမျိုးတို့
မည်ကဲ့သို့ဆန့်ကျင်၍ လျှောက်ထားကြောင်းကိုသင်
၃။ တို့မသိကြသလော။ **ဧလိယ**က အိုထာဝရဘုရား၊ သူ
တို့သည် ကိုယ်တော်၏ပရောဖက်များကို သတ်ခဲ့ကြ

ပါပြီ။ ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်ခဲ့ကြ
ပါပြီ။ ကျွန်ုပ်တစ်ဦးတည်းသာကျန်ရစ်၍ ယခုသူတို့
သည် ကျွန်ုပ်ကိုသတ်ရန် ကြိုးစားနေကြသည်ဟု
၄။ လျှောက်ခဲ့၏။ သို့သော် ဘုရားသခင်သည် သူ့ကို
အဘယ်ကဲ့သို့ ဖြေကြားတော်မူသနည်း။ ကိုယ်တော်
က**ဗာလ**ရုပ်တုရှေ့၌ဒူးမထောက်သောလူခုနစ်ထောင်
တို့ကို ငါ့အတွက်ချန်ထားပြီဟု မိန့်တော်မူခဲ့၏။
၅။ ထို့နည်းတူပင် ယခုကာလ၌လည်း ကျေးဇူးတော်အား
ဖြင့် ရွေးကောက်ခြင်းခံရသော ကြွင်းကျန်သူတစ်စုရှိ
၆။ သေး၏။ သို့သော် ကိုယ်တော်သည် ကျေးဇူးတော်
အားဖြင့် သူတို့ကိုရွေးကောက်တော်မူခဲ့လျှင် ကောင်း
ကျိုးအကျင့်များအပေါ် အခြေခံခြင်းမဟုတ်ပေ။ ထို
ကဲ့သို့မဟုတ်ဘဲ ကောင်းကျိုးအကျင့်များအပေါ်မှာ
အခြေခံခဲ့လျှင် ကျေးဇူးတော်သည်ကျေးဇူးတော်အစစ်
၇။ အမှန်ဖြစ်တော်မည်မဟုတ်ပေ။ သို့ဖြစ်လျှင် မည်သို့
ဆိုရမည်နည်း။ **အစ္စရေးလ်**လူမျိုးတို့သည် မိမိတို့ရှာ
ဖွေသောအရာကို မရရှိခဲ့ကြချေ။ ရွေးကောက်ခြင်းခံရ
သောသူတို့သာလျှင်ရှာတွေ့ကြသော်လည်းကျန်သော
သူတို့မူကား၊ စိတ်နှလုံးခက်ထန်လျက်ရှိကြ၏။
၈။ သို့ဖြစ်၍ ကျမ်းစာတော်၌ရေးထားသည်ကား၊ ဘုရား
သခင်သည် သူတို့အား ထိုင်းမှိုင်းသောစိတ်နှလုံး၊
မမြင်နိုင်သောမျက်စိ၊ မကြားနိုင်သောနားများကိုယနေ့
၉။ တိုင်အောင် ပေးတော်မူခဲ့၏ဟု ဆိုထား၏။ **ဒေးဗစ်**
မင်းကြီးကလည်း သူတို့၏စားသောက်ပွဲသည် သူတို့
အတွက် ကျော့ကွင်းတစ်ခုနှင့်ထောင်ချောက်၊ ချောက်
နက်တစ်ခုနှင့်အပြစ်ဒဏ်ကြွေးဆပ်မှုတစ်ခုဖြစ်ပါစေ။
၁၀။ သူတို့သည် ကြည့်၍မမြင်နိုင်အောင် သူတို့၏မျက်စိ
များ အမှောင်ဖုံးပါစေ။ သူတို့၏ခါးသည်လည်းအစဉ်
ကိုင်းပါစေဟု မြွက်ဆိုလေ၏။

## လူမျိုးခြားတို့ကယ်တင်ခြင်းခံရခြင်း

၁၁။ သို့ဖြစ်၍ **အစ္စရေးလ်**လူမျိုးတို့သည်လဲကျရှုံးနိမ့်သည်
တိုင်အောင် ခလုတ်ထိမိကြပြီလောဟု လာမေးသော်
မည်သည့်နည်းနှင့်မျှ လဲကျရှုံးနိမ့်ခြင်းမရှိ သူတို့၏
အပြစ်ကျူးလွန်မှုကြောင့် လူမျိုးခြားတို့သည် ကယ်
တင်ခြင်းခံကြရသဖြင့် **အစ္စရေးလ်**လူမျိုးသည် လူမျိုး
၁၂။ ခြားတို့အပေါ် မနာလိုစိတ်ရှိလာစေခဲ့၏။ ယခုသူတို့
၏အပြစ်ကျူးလွန်ခြင်းသည် လောကသားတို့ကို
အကျိုးဖြစ်ထွန်းစေ၍ သူတို့၏ရှုံးနိမ့်ခြင်းသည် လူ
မျိုးခြားတို့အတွက် အကျိုးခံစားရစေပါလျှင် **အစ္စ
ရေးလ်**လူမျိုးအားလုံးပါဝင် ယုံကြည်ခဲ့ပါလျှင် မည်
မျှပင် ပို၍ အကျိုးအမြတ်ခံစားရပေမည်နည်း။
၁၃။ လူမျိုးခြားဖြစ်သော သင်တို့အား ငါပြောလိုပါ၏။
ငါသည် လူမျိုးခြားတို့အတွက် တမန်တော်ဖြစ်သည်
နှင့်အညီ ငါ၏အမှုတော်တွင် ဂုဏ်ယူပါ၏။
၁၄။ ငါ့ဆွေမျိုးသားချင်းတို့အား မနာလိုစိတ်ကိုနှိုးဆွပေး
လို၍ သူတို့ထဲမှအချို့တို့ကို ငါကယ်တင်ပေးလိုပါ
၁၅။ သည်။ သူတို့ကို ပစ်ပယ်ထားခြင်းသည် လောက
သားတို့၏ ပြန်လည်ကြေအေးသင့်မြတ်ခြင်းကိုဖြစ်
စေလျှင် သူတို့ကိုပြန်လည်လက်ခံတော်မူခြင်းသည်
သေခြင်းမှအသက်ပြန်ရှင်ထမြောက်စေသကဲ့သို့ပင်
၁၆။ ဖြစ်လိမ့်မည်မဟုတ်လော။ဦးစွာပူဇော်သောအသီးအနှံ
သည် မွန်မြတ်သန့်ရှင်းလျှင်အသီးအနှံအားလုံးသည်
မွန်မြတ်သန့်ရှင်း၏။ သစ်ပင်အမြစ်သည် မွန်မြတ်
သန့်ရှင်းလျှင် အကိုင်းအခက်များလည်း မွန်မြတ်
၁၇။ သန့်ရှင်း၏။ သံလွင်ပင်၏ အကိုင်းအချို့တို့ကို
ခုတ်ဖြတ်ပြီးမှ ရိုင်းသော သံလွင်ပင်တည်းဟူသော
သင့်ကိုထိုအပင်တွင် ကိုင်းကူး၍ စိုက်သောအခါရိုင်း
သော သံလွင်အကိုင်းသည် သံလွင်ပင်၏အမြစ်နှင့်
အပင်၏ကြွယ်ဝသော အဆီသြဇာကို ပါဝင်အကျိုး
၁၈။ ခံစားရလျှင် ။ ဖြတ်တောက်ခြင်းခံရသော အကိုင်း
များအပေါ် သင်မကြွားဝါလေနှင့်။ သင်သည် ကြွား
ဝါပါလျှင်လည်း သင်သည် အမြစ်ကိုထောက်မခြင်း
မဟုတ်ဘဲ အမြစ်ကသာ သင့်ကိုထောင်မကြောင်း
၁၉။ သတိရလော့။ သို့သော် သင်တို့က ငါတို့ကို
အကိုင်းကူး၍စိုက်ရန် သံလွင်အကိုင်းများကိုခုတ်ဖြတ်
သည်မဟုတ်လောဟု ဆိုပေလိမ့်မည်။
၂၀။ သင်တို့ဆိုသည့်အတိုင်းလည်း မှန်ပေ၏။ ထိုသူတို့
ခုတ်ဖြတ်ခြင်းခံရသည်မှာ သူတို့ မယုံကြည်သော
ကြောင့်ဖြစ်၏။ သို့သော် သင်သည်ယုံကြည်အား
ဖြင့်သာ ရပ်တည်နေခြင်းဖြစ်၏။ ထို့ကြောင့်သင်
သည်ဘဝင်မမြင့်ဘဲ ကြောက်ရွံ့ခြင်းနှင့်နေလော့။
၂၁။ အကြောင်းမူကား၊ ဘုရားသခင်သည် သံလွင်ပင်မှ
မူလအတိုင်း အခက်များကို သက်ညှာတော်မမူလျှင်
၂၂။ သင်တို့ကိုလည်း ညှာတော်မူလိမ့်မည်မဟုတ်။ ထို့
ကြောင့် ဘုရားသခင်၏ သနားကြင်နာတော်မူခြင်း
နှင့် ပြင်းထန်စွာ စီရင်တော်မူခြင်းတို့ကိုအောက်မေ့
လော့။ ကိုယ်တော်သည် အပြစ်သို့ကျရောက်သည့်
သူတို့ကို ပြင်းထန်စွာစီရင်တော်မူကြောင်းကိုလည်း
ကောင်း၊ သင်တို့သည် ကိုယ်တော်အပေါ်၌ သစ္စာရှိ

သမ္မာကာလပတ်လုံးကျေးဇူးတော်ပြည့်ဝစွာခံစားရမည့်
အကြောင်းကိုလည်းကောင်း သတိပြုလော့။ ထိုသို့
မဟုတ်လျှင် သင်တို့သည်လည်း ခုတ်ပစ်ခြင်းခံရလိမ့်
၂၃။ မည်။ **အစ္စရေးလ်**လူမျိုးသည်လည်း မယုံကြည်သော
စိတ်ကိုစွန့်ပယ်လျှင်၊ အပင်၌တဖန် ကိုင်းဆက်၍
စိုက်ပျိုးခြင်းခံကြရလိမ့်မည်။အကြောင်းမူကား၊ဘုရား
သခင်သည်သူတို့ကိုတဖန်ပြန်၍ ကိုင်းဆက်စိုက်စေ
ခြင်းငှါ တတ်နိုင်တော်မူ၏။
၂၄။ အကယ်၍သင်တို့သည်သဘာဝအားဖြင့် ရိုင်းသော
သံလွင်ပင်မှ ခုတ်ယူခံရ၍၊ အမျိုးဗီဇမတူသည့်
ကောင်းသောသံလွင်ပင်တွင်ကိုင်းဆက်၍စိုက်ပျိုးခြင်း
ခံရလျှင် မျိုးကောင်းသံလွင်ပင်၏ အကိုင်းအခက်များ
သည် မိမိတို့ မူရင်း သံလွင်ပင်တွင် ပိုမို လွယ်ကူစွာ
ပြန်လည်ကိုင်းဆက်စိုက်ပျိုးနိုင်ပေလိမ့်မည်။

## အစ္စရေးလ်လူမျိုးအားလုံး ကယ်တင်ခြင်း ခံရလိမ့်မည်

၂၅။ ညီအစ်တို့ကို သင်တို့သည် မိမိတို့ကိုယ်ကိုမိမိတို့
ထင်သည်ထက်ပို၍ သိတတ်လိမ္မာလှပြီဟူ၍ မဆို
နိုင်ရအောင် ဘုရားသခင်၏ နက်နဲရာ အမှုတို့ကို
ငါသည် သင်တို့အား နားလည်စေလို၏။ နက်နဲရာ
အချက်ဟူမူကား လူမျိုးခြားတို့ ကယ်တင်ခြင်းသို့ဝင်
ရောက်သည့်တိုင်အောင် **အစ္စရေးလ်**လူမျိုးတို့သည်
စိတ်နှလုံးခက်ထန်လျက် နေကြမည့် အကြောင်း
၂၆။ တည်း။ ထို့ကြောင့် **အစ္စရေးလ်**လူမျိုးအားလုံးတို့
ကယ်တင်ခြင်း ခံရလိမ့်မည်ကျမ်းစာ၌ ရေးထားသည်
ကား ကယ်တင်ရှင်သည် **စီအုန်**တောင်မှကြွလာတော်
မူ၍ **ယာကုပ်**အမျိုးအနွယ်မှ အပြစ်မကောင်းမှုတို့ကို
၂၇။ ဖယ်ရှားပေးတော်မူလတ္တံ့။ငါသည်သူတို့၏အပြစ်များ
ကိုဖယ်ရှားတော်မူသောအခါသူတို့နှင့်ဤပဋိညာဉ်ကို
ပြုမည်ဟူ၍ ဖြစ်သတည်း။
၂၈။ **ဂျူး**လူမျိုးတို့သည် ဧဝံဂေလိတရားနှင့် ပတ်သက်
လျှင် သူတို့သည်ဘုရားသခင်၏ရန်သူများဖြစ်ကြ
၏။ ရွေးကောက် တော်မူခြင်းနှင့် ပတ်သက်လျှင်
သူတို့သည် ဘိုးဘေးတို့အားဖြင့် ဘုရားသခင်၏
ချစ်မြတ်နိုးသူများဖြစ်ကြသေး၏။
၂၉။ အကြောင်းမူကား၊ ဘုရားသခင်၏ ဆုကျေးဇူးတော်
နှင့်ခေါ် တော်မူခြင်းသည် ဖျက်သိမ်း၍ မရနိုင်ချေ။
၃၀။ ထိုနည်းတူ သင်တို့သည် ဘုရားသခင်ကို မနာခံသူ
ယခုသင်တို့သည် ဘုရာသခင်၏သနားကရုဏာတော်
၃၁။ ကို ခံယူရရှိခဲ့ကြ၏။ ထို့နည်းတူပင် သူတို့ခံစားကြ
ရသော သနားကရုဏာတော်အားဖြင့် သူတို့သည်
လည်း သနားကရုဏာတော်ကို ခံစားကြရမည့်
အကြောင့် ယခုသူတို့သည် မနာခံဘဲနေကြ၏။
၃၂။ အကြောင်းမူကား၊ ဘုရားသခင်သည် လူအပေါင်းတို့
ကို သနားကရုဏာတော်ပြလိုသောကြောင့် သူတို့
အားလုံးကို မနာခံခြင်းအဖြစ်၌ ထိန်းချုပ်ထားတော်
မူ၏။

## ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းခြင်း

၃၃။ ဘုရားသခင်၏ ဥာဏ်တော် နှင့် အသိပညာတော်
သည် အလွန်ကြွယ်ဝ၍ နက်နဲလှပါသည်တကား၊
ကိုယ်တော်၏ စီရင်တော်မူချက်တို့ကို မည်သူမျှ
ရှင်းပြ၍မရနိုင်၊ ကိုယ်တော်၏တရားလမ်းတော်တို့
၃၄။ ကို မည်သူမျှနားလည်သဘောမပေါက်နိုင်။ ထာဝရ
ဘုရား၏ စိတ်အကြံစည်တော်ကို မည်သူသိရှိနိုင်
သနည်း။ မည်သူသည် ထာဝရဘုရား၏အကြံပေးသူ
၃၅။ ဖြစ်ဖူးသနည်း။ ကိုယ်တော်ထံမှ ကျေးဇူးတော်ခံစား
ရစေရန် မည်သူသည် ကိုယ်တော်ကို ကျေးဇူးပြုဖူး
၃၆။ သနည်း။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်
ထံမှလည်းကောင်း၊ကိုယ်တော်အားဖြင့်လည်းကောင်း၊
ကိုယ်တော်အတွက်လည်းကောင်း ဖြစ်တည်လျက်
ရှိကြ၏။ ကိုယ်တော်အား ကာလအဆက်ဆက်
ဘုန်းကြီးတော်မူစေသတည်း။အာမင်။

## အခန်း (၁၂)

## ခရစ်တော်၏အမှုတော်၌ဘဝအသက်ရှင်သန်မှု

၁။ ညီအစ်ကိုတို့ ငါသည် ဘုရားသခင်၏သနားကရုဏာ
တော်ကိုထောက်ထား၍ သင်တို့အား တိုက်တွန်းနှိုး
ဆော်လိုသည်မှာ သင်တို့၏ခန္ဓာကိုယ်များကိုသက် ရှိ
ယဇ်ပူဇော်သက္ကာရကဲ့သို့၊ သန့်ရှင်း မြင့်မြတ်၍
ကိုယ်တော်နှစ်သက်လက်ခံဘွယ်ရာဖြစ် စေခြင်းငှါ
ဆက်ကပ်ပူဇော်ကြလော့။ ဤသည်ကား သင်တို့ပြု
၂။ အပ်သောဝတ်ပြုကိုးကွယ်ခြင်းဖြစ်၏။ သင်တို့သည်
ဤလောက၏တွေးခေါ် ကျင့်ကြံမှုအတိုင်း မလိုက်
လျောကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်
သောအရာနှင့်ပြည့်စုံသောအရာဖြစ်သောဘုရားသခင်
၏ အလိုတော်ကို သိရှိနားလည်နိုင်ရန် သင်တို့၏
စိတ်နှလုံးကို အသင့်ပြုပြင်ကြလော့။

## "ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဖြစ်ကြ၏"

၃။ ငါ့အား ပေးသနားတော်မူသော ကျေးဇူးတော်ကို အမှီ
ပြု၍၊ သင်တို့အသီးသီးအား ပြောဆိုသည်မှာ သင်တို့
သည်မိမိတို့ကို မိမိထင်သည်ထက်ပို၍ အထင်မကြီး
ကြစေရန် ဘုရားသခင်သတ်မှတ်ပေးသနားတော်မူ
သော ယုံကြည်ခြင်းဆုကျေးဇူးတော်နှင့်အညီ အသီး
၄။ သီးမှန်ကန်စွာ ထင်မြင်ယူဆရမည်။ ကိုယ်ခန္ဓာတစ်ခု
၌အင်္ဂါအစိတ်အပိုင်းများရှိသော်လည်းထိုအင်္ဂါအစိတ်
အပိုင်းများသည် တူညီသောလုပ်ဆောင်ချက်များမရှိ
၅။ ကြချေ။ ထို့အတူ ငါတို့သည် အရေအတွက်များသော်
လည်း ခရစ်တော်၌ ကိုယ်ခန္ဓာတစ်ခုတည်းဖြစ်ကြ၍
အသီးသီးတစ်ဦးစီ၏ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်
၆။ ကြ၏။ သို့ဖြစ်၍ ငါတို့သည် မိမိတို့အသီးသီးခံစား
ရသည့် ဆုကျေးဇူးတော်အမျိုးမျိုးနှင့် အစေခံကြရ
မည်။ ပရောဖက်တစ်ဦးဖြစ်လျှင် မိမိ၏ယုံကြည်ခြင်း
၇။ ပမာဏအတိုင်း ပရောဖက်လော။ သူတစ်ပါးအား
အစေခံသူဖြစ်ပါက အစေခံလော။ သွန်သင်ပေးသော
၈။ သူဖြစ်လျှင် သွန်သင်မှုကိုပြုလော။ ပေးကမ်းဝေငှ
သောသူသည် ရောက်ရောသောစိတ်နှင့်ဝေငှလော။
အုပ်ချုပ်သောသူသည် လုံ့လဝီရိယနှင့်အုပ်ချုပ်လော၊
ကရုဏာသနားခြင်းအမှုကို ပြုသောသူသည် စေတနာ
စိတ်နှင့် ရွှင်လန်းဝမ်းမြောက်စွာ ကူညီမစလော။

## အပြန်အလှန် မေတ္တာစိတ်ထား

၉။ သင်တို့၏ချစ်ခြင်းမေတ္တာသည် စစ်မှန်ရမည်။ သင်
တို့သည် အပြစ်မကောင်းမှုကိုမုန်း၍၊ ကောင်းမြတ်
၁၀။ သောအမှု၌ စည်းကပ်ကြလော့။ တစ်ဦးကိုတစ်ဦး
အပြန်အလှန်ချစ်ခင်ကြ၍ စာနာကြလော့။ တစ်ဦးကို
၁၁။ တစ်ဦး အပြန်အလှန် လေးစားကြလော့။ ပျင်းရိခြင်း
မရှိဘဲ မိမိတို့၏တာဝန်များကို ကြိုးစားဆောင်ရွက်
ကြလော့။ စိတ်အားထက်သန်မှုဖြင့် ဘုရားသခင်ကို
၁၂။ အစေခံကြလော့။ မျှော်လင့်လျက်ဝမ်းမြောက်ရွှင်လန်း
ကြလော့။ ဆင်းရဲဒုက္ခနှင့်ကြုံတွေ့ရသောအခါ သည်း
ခံစိတ်ရှည်၍ ဆုတောင်းပတ္ထနာကိုအစဉ်အမြဲပြုကြ
၁၃။ လော့။ ဆင်းရဲသောညီအစ်ကိုများအား ဝေငှပေးကမ်း
ကြလော့။ ဧည့်သည့်အာဂန္တုတို့အား ဧည့်ဝတ်ပြုကြ
၁၄။ လော့။ သင်တို့ကို ညှင်းဆဲသောသူတို့ကို မကျိန်ဆဲ
၁၅။ ဘဲ၊ ကောင်းချီးပေးကြလော။ ဝမ်းမြောက်သူတို့နှင့်
အတူ ဝမ်းမြောက်ကြ၍ ငိုကြွေးသောသူတို့နှင့်အတူ
၁၆။ ငိုကြွေးကြလော။ အချင်းချင်းစိတ်နှလုံးတညီတညွတ်
တည်းရှိကြလော။ ဂုဏ်စည်းစိမ်ကို တပ်မက်ခြင်းမရှိ
ကြနှင့်။ နိမ့်ကျသောသူတို့နှင့် အပေါင်းအဖော်ပြုကြ
၁၇။ လော့။ မိမိကိုယ်ကို ပညာရှိဟုမထင်ကြနှင့်။ အပြစ်
မကောင်းမှုဖြင့် ရန်တုံ့လက်စားချေခြင်းမပြုနှင့်။
၁၈။ လူအပေါင်းတို့ရှေ့တွင် သိမ်မွေ့သောစိတ်ဆန္ဒဖြင့်
ပြုကျင့်ကြလော။ လူတိုင်းနှင့်တတ်နိုင်သမျှ ငြိမ်းချမ်း
၁၉။ စွာနေထိုင်ကြလော။ ချစ်မိတ်ဆွေတို့ မည်သည့်အခါ
မျှ လက်စားချေခြင်းမပြုကြနှင့်။ ဘုရားသခင်သည်
သာအပြစ်ဒဏ်စီရင်တော်မူပါစေ။ အကြောင်းမူကား၊
ကျမ်းစာ၌ ရေးထားသည်မှာ လက်စားချေခြင်းသည်
ငါနှင့်ဆိုင်၏။ အပြစ်နှင့်အလျှောက် ငါဆပ်ပေးမည်
ဟု ထာဝရဘုရား မိန့်တော်မူ၏ဟူ၍သတည်း။
၂၀။ ထို့ကြောင့်သင်၏ရန်သူတို့သည် ဆာလောင်မွတ်သိပ်
လျှင် အစာကိုကျွေးလော့။ ရေငတ်လျှင် သောက်ရေ
ကိုပေးလော့။ အကြောင်းမူကား၊ သင်သည် ထိုသို့ပြု
လျှင် သူ၏ဦးခေါင်းပေါ်၌မီးခဲကို ပုံထားလိမ့်မည်။
(အဓိပ္ပာယ်မှာ ဝမ်းနည်းပူဆွေးခြင်းစိတ်သည် အပြစ်
ရှိသူအား နောင်တသံဝေဂ ပြန်လည်ရရှိစေမည်ဟု
၂၁။ ဆိုလို၏။) မကောင်းမှုသည် သင်တို့ကို မရှုံးနိမ့်စေ
နှင့်။ ကောင်းကျိုးကိုပြုခြင်းအားဖြင့် မကောင်းမှုကို
အနိုင်ယူကြလော့။

## အခန်းကြီး (၁၃)

### အစိုးရမင်း အမိန့်အာဏာကိုနာခံအပ်ခြင်း

၁။ လူတိုင်းသည် အုပ်ချုပ်သူအစိုးရမင်းတို့ကို ကျိုးနွံ နာ
ခံကြရမည်။ အကြောင်းမူကား၊ဘုရားသခင်၏ အလို
တော်မရှိလျှင် မည်သည့်အစိုးရမင်း၏ အာဏာသြဇာ
မျှမတည်ရှိနိုင် တည်ရှိနေသောအစိုးရတို့သည် ဘုရား
၂။ သခင်ခန့်ထားခြင်းခံရ၏။ မင်းအာဏာကိုဆန့်ကျင်
သူဟူသမျှသည် ဘုရားသခင် စီမံတော်မူရာကို ဆန့်
ကျင်သောသူဖြစ်၏။ ထိုသို့ဆန့်ကျင်သောသူသည်
၃။ စီရင်ခြင်းခံရလိမ့်မည်။ အကြောင်းမူကားမင်းအာဏာ
သည် ကောင်းကျိုးပြုလုပ်သူတို့အတွက် ကြောက်ရွံ့
စရာမဟုတ် ဆိုးကျိုးပြုလုပ်သူတို့သာလျှင် ကြောက်
ရွံ့အပ်၏။ သင်သည်မင်းအာဏာရှင်ကို မကြောက်
ရွံ့ဘဲနေချင်သလော့။ သို့ဖြစ်လျှင် ကောင်းကျိုးပြု
လော့။ သို့မှသာ သင်သည် မင်းအာဏာရှင်၏။ ချီး

၄။ မွှမ်းခြင်းကိုခံရလိမ့်မည်။ အကြောင်းမူကား မင်းအာ
ဏာရှင်တို့သည် သင်တို့၏ ကောင်းကျိုးအတွက်
ဘုရားသခင်၏ အစေခံများဖြစ်ကြ၏။ သင်တို့ သည်
မကောင်းသောအကျင့်ကို ကျင့်လျှင် ကြောက်ရွံ့ခြင်း
ရှိကြလော့။ အကြောင်းမူကား၊ မင်းအာဏာရှင်သည်
ဓားလက်နက်ကို အချည်းအနှီးသက်သက်ဆောင်
သည်မဟုတ်။ မကောင်းမှုကိုပြုသောသူတို့အားတရား
စီရင်၍ဇရာဝတ်အပြစ်ဒဏ်ပေးရန် သူတို့သည်ဘုရား
၅။ ကို အစေခံလေသောသူများဖြစ်ကြ၏။ သို့ဖြစ်၍
အပြစ်ဒဏ်စီရင်မည်ကို ကြောက်ရွံ့သောကြောင့်သာ
မဟုတ်ဘဲ၊ မိမိသြတ္တပ္ပစိတ်ကိုထောက်လျက် အစိုးရ
၆။ မင်းတို့ကို နာခံရမည်။ ဤအကြောင်းကြောင့်သင်
တို့သည်အခွန်ပေးဆောင်ကြလော့။အကြောင်းမူကား၊
အစိုးရမင်းတို့သည် ဤတာဝန်ကိုဆောင်ရွက်လျင်
၇။ ဘုရားသခင်ကို အစေခံကြသူများဖြစ်၏။ လူတိုင်း
အား မိမိတို့အသီးသီးရထိုက်သည့်အတိုင်း ပေးအပ်
ကြလော့။ အခွန်အခပေးထိုက်သူအား အခွန်အခပေး
ကြလော။ ရှိသေထိုက်သူအား ရှိသေကြလော့။ ဂုဏ်
ပြုထိုက်သူအား ဂုဏ်ပြုကြလော့။

## ချစ်ခြင်းမေတ္တာသည် ပညတ်တရားကို ပြည့်စုံစေ၏

၈။ သင်တို့အချင်းချင်း ချစ်ခြင်းမေတ္တာကြွေးမှတစ်ပါး
မည်သည့်ကြွေးမျှမတင်စေနှင့်။ မိမိ၏နီးစပ်သူကိုချစ်
သောသူသည် ပညတ်တရားကိုလိုက်နာစောင့်ထိန်း
၉။ ၏။ အကြောင်းမူကား၊ သူ့မယားကိုမပြစ်မှားနှင့်။
လူ့အသက်ကိုမသတ်နှင့်။ သူ့ပစ္စည်းဥစ္စာကိုမခိုးနှင့်
မမှန်ကန်သောသက်သေကိုမခံနှင့်။ သူ့ပစ္စည်းဥစ္စာ
ကို လိုချင်တပ်မက်သောစိတ်မရှိနှင့်ဟူသော ပညတ်
တော်များနှင့် အခြားပညတ်တို့သည် သင်နှင့်နီးစပ်
သောသူကို သင့်ကိုယ်သင်ချစ်သကဲ့သို့ချစ်လော့ဟု
ဟူသည့်ပညတ်တော်တွင် ချုပ်ထားခြင်းဖြစ်၏။
၁၀။ ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ့်နှင့်နီးစပ်သော
သူကို မထိခိုက်တတ်။ ထို့ကြောင့်ချစ်ခြင်းမေတ္တာ
သည် ပညတ်တရားအားလုံးကို ပြည့်စုံစေ၏။
၁၁။ ထို့အပြင် ယခုအချိန်သည် သင်တို့အိပ်ရာမှနိုးထကြ
ရမည့်အချိန်ဖြစ်ကြောင်း သင်တို့အသိပင် ဖြစ်၏။
အဘယ်ကြောင့်ဆိုသော် ငါတို့ကိုကယ်တင်ခြင်းသည်
ငါတို့ ယုံကြည်သူများဖြစ်လာခဲ့သည့် နေ့ရက်ထက်
၁၂။ ယခုပို၍နီးကပ်လာသောကြောင့်ဖြစ်၏။ ညဥ့်အချိန်
ကုန်လုပြီဖြစ်၍၊ နေ့အချိန်ရောက်တော့မည်။ ထို့
ကြောင့် ငါတို့သည်မှောင်မိုက်နှင့်ဆိုင်သောအကျင့်ကို
စွန့်ပယ်၍ အလင်းတရားနှင့်ဆိုင်သောလက်နက်တန်
၁၃။ ဆာကို ဝတ်ဆင်ကြစို့။ ငါတို့သည် နေ့အချိန်အလင်း
ရောင်တွင် ကျင်လည်နေသူများဖြစ်သည့်အလျောက်
တည့်တယ်လျောက်ပတ်စွာ ပြုကျင့်နေထိုင်ကြရမည်။
အပျော်ကျူးခြင်းနှင့် သောက်စားမူးယစ်ခြင်းနှင့် ကာ
မဂုဏ်ကိုလေသာလိုက်စားခြင်း၊ ညစ်ညူးခြင်း၊ ခိုက်
ရန်ဖြစ်ခြင်းနှင့် မနာလိုဂုဏ်ပြိုင်ခြင်းတို့ကိုရှောင်ကြဉ်
၁၄။ ကြရမည်။ သခင်ယေရှုခရစ်တော်ကို ဝတ်ဆင်ကြ
လော့။ ကိုယ်ကာယ၏တပ်မက်မှု အလိုဆန္ဒအတိုင်း
လိုက်၍ကျင့်ကြံမနေထိုင်ကြနှင့်။

## အခန်းကြီး(၁၄)

## ညီအစ်ကို အချင်းချင်းပြစ်တင် ဝေဖန်မှု မပြုအပ်ကြောင်း

၁။ ယုံကြည်ခြင်း၌အားနည်းသောသူတို့ကို လက်ခံကြ
လော့။ သို့သော် သူတို့၏ ထင်မြင်ချက်များ အပေါ်
၂။ ဆွေးနွေးငြင်းခုံခြင်း မပြုကြနှင့်။ အချို့တို့သည် မည်
သည့်အစားအစာကို စားနိုင်သည်ဟု ယုံကြည်၏။
အားနည်းသောသူတို့မူကား၊ ဟင်းသီးဟင်းရွက်ကို
၃။ သာလျှင် စားကြ၏။ အမျိုးမျိုးသော အစားအစာကို
စားကြသောသူတို့သည် အစားအစာကိုရှောင်ကြဉ်
သောသူတို့အား မထီမဲ့မြင်မပြုကြနှင့်။ အစာကိုရှောင်
သောသူတို့သည်အစာအစားသောသူတို့အား ပြစ်တင်
ဝေဖန်ခြင်းမပြုကြနှင့်။အကြောင်းမူကား၊ဘုရားသခင်
သည် ထိုသူတို့ကိုလက်ခံတော်မူခဲ့ပြီးဖြစ်၏။
၄။ သင်သည် မည်သူဖြစ်၍ အခြားသူတစ်ဦး၏အစေခံ
အား စီရင်ဆုံးဖြတ်ခြင်းကိုပြုသနည်း။ ထိုသူရပ်နေ
သည် သို့မဟုတ် လဲကျနေသည်ကို သူ့သခင်၏စီရင်
ဆုံးဖြတ်လိမ့်မည်။ သို့သော်သူသည်ရပ်နေလိမ့်မည်။
အကြောင်းမူကား သခင်ဘုရားသည် သူ့ကိုမတ်တတ်
၅။ ရပ်နေခြင်းငှာ တတ်နိုင်သော်မူ၏။ အချို့သောသူတို့
အတွက် နေ့ရက်တစ်ရက်သည် အခြားနေ့ရက်တစ်
ရက်ထက်သာ၍ ကောင်းမြတ်သည်ဟုထင်မြင်ကြ၏။
အချို့လူများအတွက်မူ နေ့ရက်အားလုံး ညီတူညီမျှ
ဖြစ်သည်ဟု ယူဆကြ၏။ လူတိုင်းသည် မိမိတို့ထင်
မြင်ယူဆချက်နှင့်အညီ ကျင့်ကြံလုပ်ဆောင်သွားကြ

၆။ ပါစေ။ နေ့ရက်တစ်ရက်ကို စောင့်ထိန်းသူသည်
ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းရန်အတွက် စောင့်
ထိန်းခြင်းဖြစ်၏။အစာစားသောသူသည်ဘုရားသခင်
ဘုန်းဂုဏ်တော်အတွက် အစာစားခြင်းဖြင့် သခင်
၇။ ဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းလေ၏။ ငါတို့တွင်
မည်သူမျှ မိမိအတွက်သာ အသက်ရှင်သည်မဟုတ်။
၈။ မည်သူမျှ မိမိအတွက် အသက်သေသည်မဟုတ်။ ငါ
တို့အသက်ရှင်လျှင် သခင်ဘုရားအတွက်သာအသက်
ရှင်ကြ၏။ ငါတို့သေလျှင်လည်းသခင်ဘုရားအတွက်
သာ သေကြ၏။ ထို့ကြောင့် ငါတို့အသက်ရှင်သည်
ဖြစ်စေ၊ သေသည်ဖြစ်စေ ငါတို့ကို သခင်ဘုရားပိုင်
၉။ ဆိုင်တော်မူ၏။ အကြောင်းမူကား၊ ခရစ်တော်သည်
သေသူရှင်သူတို့၏ အရှင်သခင်ဖြစ်အပ်သောငှာ သေ
ခြင်းကိုခံယူတော်မူပြီးမှ တစ်ဖန်အသက်ပြန်ရှင်ခြင်း
၁၀။ ကို ခံယူတော်မူ၏။ ထို့ကြောင့် သင်တို့သည် ညီ
အစ်ကိုချင်းကို အဘယ်ကြောင့် ဝေဖန်၍အပြစ်စီရင်
ကြသနည်း။ သူတို့ကိုအဘယ်ကြောင့် မထီမဲ့မြင်ပြု
ကြသနည်း။အကြောင်းမူကား၊ ငါတို့အားလုံး ဘုရား
သခင်၏တရားပလ္လင်တော်ရှေ့သို့ရောက်ကြရမည်။
၁၁။ ကျမ်းစာလာသည်ကား၊ ငါသည် အသက်ရှင်သော
ဘုရားဖြစ်တော်မူ၍ ငါတို့ရှေ့တော်၌လူတိုင်းဒူးတုပ်
ပျပ်ဝပ်ရလိမ့်မည်။ ဘုရားသခင်အား လူတိုင်းမိမိတို့
၏နှုတ်ဖြင့် ဝန်ခံသစ္စာပြုရမည်ဟု ထာဝရဘုရားမိန့်
၁၂။ တော်မူ၏။ သို့ဖြစ်၍ ငါတို့အသီးသီးသည်ကိုယ်
တိုင်ပြုကျင့်သော အမှုတို့အတွက် ဘုရားသခင်အား
ကိုယ်တိုင်အစီရင်ခံကြရလိမ့်မည်။

## သင့်ညီအစ်ကိုအား အမှားသို့မရောက်စေနှင့်

၁၃။ ထို့ကြောင့် ငါတို့သည် အချင်းချင်းဝေဖန်၍၊ အပြစ်
စီရင်ခြင်းမပြုဘဲ နေကြကုန်၏။ ညီအစ်ကိုချင်းအား
အမှားသို့ကျရောက်စေမည့် အပြုအမူများကိုရှောင်
၁၄။ ကြဉ်ကြကုန်အံ့။ မည်သည့်အစာမျှ ၎င်း၏ပကတိ
အနေနှင့်မညစ်ညမ်းကြောင်းကို ငါသည်သခင်**ယေရှု**
ကို အမည်ပြုလျက် သိရှိပြီဖြစ်၏။ သို့သော်လည်း
အစားအစာကို ညစ်ညမ်းသည်ဟု ထင်မြင်ယူဆသူ
တို့အတွက်သာလျှင် ထိုအစာသည်ညစ်ညမ်း၏။
၁၅။ အကယ်၍သင်သည် သင်စားသောအစားအစာကြောင့်
သင်၏ညီအစ်ကိုအား စိတ်ထိခိုက်စေလျှင် သင်သည်
မေတ္တာတရားနှင့်အညီ လိုက်ကျင့်နေသည်မဟုတ်။
သင်၏ အစာစားခြင်းသည် ခရစ်တော်အသက်ပေး၍
ကယ်တင်တော်မူသောသူအတွက် ကောင်းကျိုးဆုတ်
၁၆။ ယုတ်မှုဖြစ်စေသည်။ သင်တို့၏ ကောင်းမှုသည်
မကောင်းမှုအဖြစ်ပြောဆိုခြင်း မခံရစေနှင့်။
၁၇။ ဘုရားသခင်၏နိုင်ငံတော်သည် စားသောက်ခြင်း
မဟုတ်၊ ဖြောင့်မတ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့်သန့်ရှင်း
သောဝိညာဉ်တော်၌ ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်၏။
၁၈။ ဤနည်းအားဖြင့် ခရစ်တော်ကို အစေခံသောသူသည်
ဘုရားသခင်ရှေ့တော်၌ နှစ်သက်ဘွယ်ဖြစ်၍၊ လူတို့
၁၉။ ၏ချီးမွမ်းခြင်းကိုလည်း ခံရမည်။ ထို့ကြောင့် ငြိမ်း
ချမ်းခြင်းသည် အချင်းချင်းအား ထောက်ပံ့ကူညီမှုကို
ခွန်အားဖြည့်ပေးမည့်နည်းလမ်းများကို ရှာကြံကြကုန်
၂၀။ အံ့။ အစားအစာအတွက်နှင့် ဘုရားသခင်၏အမှုတော်
ကိုမဖျောက်ဖျက်စီးလေနှင့်။ အမှန်မှာ အစားအစာဟူသမျှ
သည် စင်ကြယ်၏။ သို့သော်လည်း သင်စားသော
အစားအစာကြောင့် အခြားသူကိုလမ်းမှားသို့ရောက်
၂၁။ စေလျှင် မှားယွင်းလေ၏။ သင်၏ညီအစ်ကိုအား မှား
ယွင်းသွားစေသည့် အသားစားခြင်းနှင့် စပျစ်ရည်
သောက်ခြင်းမှစ၍ အခြားသောအကြောင်းများကိုမပြု
၂၂။ နှင့်။ သင်၏ယုံကြည်ခြင်းကို ဘုရားသခင်ရှေ့မှာ
သင့်အတွက်ထားလော့။ မိမိယုံကြည်ခြင်းနှင့်ဆန့်
ကျင်၍ ကျင့်ကြံစီရင်ခြင်းမပြုသောသူသည် မင်္ဂလာရှိ
၂၃။ ကြ၏။ သို့ရာတွင် ယုံမှားသံသယစိတ်နှင့် အစား
အစာတစ်စုံတစ်ခုကို စားသုံးသောသူသည် ပြစ်ဒဏ်
စီရင်ခြင်းခံရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်သူတို့
သည် ယုံကြည်ခြင်း၌ပြုကြသည်မဟုတ်သောကြောင့်
ဖြစ်၏။ အကြောင်းမူကား၊ ယုံကြည်ခြင်းမရှိဘဲ ပြု
ကျင့်သမျှသည် အပြစ်ဖြစ်၏။

## အခန်းကြီး (၁၅)

## သူတစ်ပါးအား ကျေနပ်နှစ်သိမ့်စေခြင်း

၁။ သို့ဖြစ်၍ခွန်အားရှိသောငါတို့သည်မိမိတို့ဆန္ဒအတိုင်း
ကျေနပ်နေမည့်အစား အားနည်းသောသူတို့၏ ချို့
၂။ ယွင်းချက်များကို စိတ်ရှည်စွာသည်းခံကြရမည်။ ထို့
ကြောင့် ငါတို့အသီးသီးသည် မိမိနှင့်နီးစပ်သောသူ
တို့၏ကောင်းကျိုးအတွက် သူတို့ကိုကျေနပ်နှစ်သိမ့်
၃။ စေ၍၊ ကူညီတည်ထောင်ပေးကြကုန်၏။ အကြောင်း
မူကား၊ သင့်ကို စော်ကားပြောဆိုသောသူတို့၏
စကားတို့သည် ကျွန်ုပ်အပေါ်သို့ကျရောက်ပါ၏ဟု

ကျမ်းစာတွင်ရေးထားသည့်အတိုင်း ခရစ်တော်သည်
၄။ မိမိကိုယ်ကို မနှစ်သိမ့်ခဲ့ပေ။ ရှေးကာလ၌ ရေးသား
ဖော်ပြထားသောအကြောင်းအရာတို့သည် ငါတို့အား
သွန်သင်ဆုံးမပေးရန်ဖြစ်၏။ စွဲမြဲသည်းခံမှုရှိခြင်းနှင့်
ကျမ်းစာများ၏အားပေးနှစ်သိမ့်ခြင်းတို့ဖြင့် ငါတို့၌
၅။ မျှော်လင့်ခြင်းရှိစေရန်ဖြစ်သည်။ စွဲမြဲသည်းခံခြင်းနှင့်
အားရနှစ်သိမ့်မှုရှိခြင်းတို့၏ အစမူလဖြစ်တော်မူသော
ဘုရားသခင်သည် သင်တို့အား **ယေရှု**ခရစ်တော်၏
စံနမူနာတော်အတိုင်း အချင်းချင်းစိတ်တညီတညွတ်
တည်း ငြိမ်းချမ်းစွာ နေထိုင်ရန် ကျေးဇူးတော်ကို ပေး
၆။ တော်မူပါစေ။ သို့မှသာလျှင် သင်တို့သည်ငါတို့
သခင်**ယေရှု** ခရစ်တော်၏ခမည်းတော်ဘုရားသခင်
အား တသံတည်းချီးမွမ်းဧကျူးနိုင်ကြပေလိမ့်မည်။
၇။ ခရစ်တော်သည် သင်တို့ကိုလက်ခံကြိုဆိုသကဲ့သို့
ဘုရားသခင်၏ဘုန်းဂုဏ်တော် ထင်ရှားစေရန် သင်
တို့သည်လည်း အချင်းချင်း တစ်ဦးကိုတစ်ဦးလက်
၈။ ခံကြိုဆိုကြလော့။ အကြောင်းမူကား၊ ခရစ်တော်
သည် ဘိုးဘေးတို့အား ဘုရားသခင်ပေးထားသော
ကတိတော်ကို အတည်ပြုရန် ဘုရားသခင်၏သစ္စာ
ဓမ္မာတရားကိုထောက်၍ အရေဖျားလှီးခြင်းခံသောသူ
တို့၏ အစေခံဖြစ်လာတော်မူသည်ဟု သင်တို့အား
၉။ ငါဆို၏။ လူမျိုးခြားတို့သည်လည်း ဘုရားသခင်၏
သနားကရုဏာတွက် ကိုယ်တော်ကိုချီးမွမ်းထောမနာ
ပြုနိုင်ရန် ကိုယ်တော်သည် ထိုနည်းတူပြုတော်မူ၏။
ကျမ်းစာ၌ရေးထားသည်ကား ထို့ကြောင့်ကျွန်ုပ်သည်
လူမျိုးခြားတို့အလယ်၌ ကိုယ်တော်ကိုဝန်ခံ၍ ကိုယ်
တော်၏နာမတော်ကို ချီးမွမ်းဧကျူးပါမည်ဟူ၍ဖြစ်
၁၀။ သတည်း။ တစ်ဖန် ကျမ်းစာတော်တွင် လူမျိုးခြား
အပေါင်းတို့ သင်တို့သည်ဘုရားသခင်၏လူမျိုးတော်
နှင့်အတူ ဝမ်းမြောက်ရွှင်လန်းကြလောဟူ၍ လည်း
၁၁။ ကောင်း၊ လူမျိုးအပေါင်းတို့ ထာဝရဘုရား၏ဘုန်း
ဂုဏ်တော်ကိုချီးမွမ်းပြောဆိုကြလော့။ လူအပေါင်း
တို့သည် ကိုယ်တော်ကိုချီးမွမ်းကြစေဟု လာ၏။
၁၂။ တစ်ဖန် ပရောဖက်**အီဇာယ**ကလည်း **ဂျက်ဆေ**၏
အမျိုးအနွယ်ဆက်မှ တစ်ဦးပေါ်ထွန်းလာ၍၊ လူမျိုး
ခြားတို့အား အုပ်စိုးလိမ့်မည်။ လူမျိုးခြားတို့သည်
သူ့၌မျှော်လင့်အားထားကြလိမ့်မည်ဟု ဟောထားလေ
၁၃။ ၏။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အား
ဖြင့် သင်တို့၏ မျှော်လင့်ခြင်း ပါရမီတိုးပွားစေ
ခြင်းငှာ မျှော်လင့်ခြင်း၏အရှင် ဘုရားသခင်သည်
သင်တို့အား ယုံကြည်ခြင်း၊ ဝမ်းမြောက်ရွှင်လန်းခြင်း
နှင့် ငြိမ်းချမ်းသာယာမှုအပေါင်းကို ပေးသနားတော်
မူပါစေသော်။

## ပေါလုရဲဝံ့စွာရေးသားခြင်းအကြောင်း

၁၄။ ညီအစ်ကိုတို့၊ သင်တို့သည်ကောင်းမြတ်သည့် စိတ်
စေတနာနှင့်ပြည့်စုံ၍၊ အသိပညာ အမျိုးမျိုးကြွယ်ဝ
သဖြင့် သင်တို့အချင်းချင်း သွန်သင် ဆုံးမပေးနိုင်
စွမ်းရှိကြောင်းကို ငါစိတ်ချယုံကြည်ပါ၏။
၁၅။ သို့သော် အချို့သောအကြောင်းအရာများကို သင်တို့
အား သတိပေးရန်အလို့ငှာ ဘုရားသခင် ငါ့အားပေး
တော်မူသောကျေးဇူးတော်အားဖြင့် ငါသည်ရဲဝံ့စွာ
၁၆။ ရေးသားလိုက်၏။ ထိုကျေးဇူးတော်သည်ကား၊
ဘုရားသခင်၏ သတင်းကောင်းကို ဟောပြောရသော
ရဟန်းတာဝန်၌ လူမျိုးခြားတို့အတွက် ခရစ်တော်၏
အမှုတော်ဆောင်ဖြစ်ရခြင်းပေတည်း။ ဤသို့ဖြင့် လူ
မျိုးခြားတို့၏ပူဇော်သက္ကာသည်သန့်ရှင်းသောဝိညာဉ်
တော်အားဖြင့် သန့်ရှင်းစင်ကြယ်၍ ဘုရားသခင် နှစ်
သက်ဖွယ်ဖြစ်လာစေရန် ငါသည်အမှုတော်ကိုဆောင်
၁၇။ ရွက်၏။ သို့ဖြစ်၍ ငါသည် အခြားသောအမှုတော်ကို
ဆောင်ရွက်ရသည့်အတွက် ခရစ်တော်**ယေရှု**၌ ဝမ်း
၁၈။ မြောက်ဂုဏ်ယူရန်အကြောင်းရှိ၏။ သို့သော် ငါသည်
အခြားသော အကြောင်းအရာများကို မပြောဝံ့သော်
၁၉။ လည်း၊ လူမျိုးခြားတို့နာခံယုံကြည်လာစေရန် တရား
စကားနှင့်အကျင့်များအားဖြင့်လည်းကောင်း၊ နိမိတ်
လက္ခဏာများနှင့် အံ့ဖွယ်အမှုများဖြင့်လည်းကောင်း၊
ဘုရားသခင် ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်
လည်းကောင်း ခရစ်တော်သည် ငါ၌ပြုတော်မူခဲ့သော
အရာများကို ငါပြောကြား လိုပါ၏။ ဤသို့ဖြင့်
**ဂျေရုဆလင်**မြို့မှစ၍ **အီလီရိကုမ်**မြို့ ပတ်ဝန်းကျင်
တိုင်အောင် ငါသည် ခရစ်တော်၏သတင်းကောင်းကို
၂၀။ ကြေငြာဟောပြောခဲ့ပါ၏။ သို့သော် ငါသည်အခြား
သူများချခဲ့သည့် အုတ်မြစ်အပေါ်တွင် တည်ဆောက်
ရန် အလိုမရှိသောကြောင့် ခရစ်တော်၏ နာမတော်
ကို မကြားဖူးသေးသော အရပ်ဒေသတို့၌ ဧဝံဂေလိ
တရားကိုဟောပြောခြင်းငှါ ငါသည် စေတနာစိတ်နှင့်
၂၁။ ကြိုးစားဆောင်ရွက်ခဲ့ရသဖြင့် ဂုဏ်ယူပါ၏။ သို့ရာ
တွင် ကျမ်းစာတွင်ရေးထားသည်ကား ကိုယ်တော်၏
အကြောင်းကို ဟောပြောခြင်းမခံရသောသူတို့သည်

မြင်ကြလိမ့်မည်။ ကိုယ်တော်၏အကြောင်းကို မကြား
ရသောသူတို့သည် နားလည်ကြလိမ့်မည်ဟူ၍တည်း။

## ပေါလုသည်ရောမမြို့သို့လာရန် ကြံစည်ခြင်း

၂၂။ ဤအကြောင်းကြောင့် ငါသည်ကြိမ်ဖန်များစွာအတား
အဆီးများခံရသဖြင့်၊ သင်တို့ထံသို့ ငါမလာရောက်
၂၃။ နိုင်ခဲ့ချေ။ ယခုလည်း ငါသည် ဤအရပ်ဒေသတို့၌
အမှုတော် ထမ်းဆောင်ရန် အကြောင်းမရှိတော့သည်
ဖြစ်၍၊ သင်တို့ရှိရာသို့လာရန် ကာလကြာမြင့်စွာ
ကပင် ဆန္ဒရှိခဲ့သည့်အတိုင်း၊ **စပိန်**ပြည်သို့သွားချိန်
တွင် သင်တို့ထံ အလည်အပတ်ရောက်လာနိုင်မည်ဟု
၂၄။ ငါမျှော်လင့်၏။ သင်တို့နှင့်အတူ အခိုက်အတန့်
အပေါင်းအဖော်ပြု၍ နေပြီးနောက် ဆက်လက်ခရီးပြု
ရန် ငါ့အား သင်တို့ အကူညီပေးစေလိုပါ၏။
၂၅။ ယခုမူမူ၊ သန့်ရှင်းသူတို့ကို ကူညီထောက်ပံ့ရန်၊
၂၆။ **ဂျေရုဆလင်**မြို့သို့ ငါသွားရမည်။ အကြောင်းမှာ
**မက်စီဒိုနိယာ** နှင့် **အခါယာ**ပြည်တို့မှ အသင်းတော်
တို့သည် **ဂျေရုဆလင်**မြို့ရှိ သန့်ရှင်းသူများထဲမှ
ဆင်းရဲတို့အား စေတနာစိတ်နှင့် ပစ္စည်းဥစ္စာဝေမျှ
၂၇။ လှူဒါန်းရန်ဆုံးဖြတ်ခဲ့ကြသည်။ သူတို့သည် ဤသို့
ပြုခြင်းအတွက် အားရကျေနပ်ကြ၏။ ထိုသို့သူတို့
သည် ထိုဆင်းရဲသော သူတို့အား ကူညီထောက်ပံ့ရန်
လည်း သူတို့၌တာဝန်ရှိကြသည်။ အကြောင်းမူကား၊
လူမျိုးခြားတို့သည် ဝိညာဉ်ရေးဆိုင်ရာဆုကျေးဇူးများ
ကို **ဂျူး**အမျိုးသားထံမှဝေမျှခံစားကြရလျှင် လောကီ
ဆိုင်ရာ ဥစ္စာပစ္စည်းများကိုဝေမျှ ကူညီပေးသင့်၏။
၂၈။ ထို့ကြောင့် ငါသည် ဤအမှုကို ပြီးစီးအောင်
ဆောင်ရွက်၍ ကောက်ခံရရှိသော အလှူငွေကို သူတို့
အား ပေးအပ်ပြီးနောက်၊ သင်တို့ထံသို့ အလည်လာ
ရောက်ကာ၊ ထိုမှတဆင့် **စပိန်**ပြည်သို့သွားမည်။
၂၉။ သင်တို့ရှိရာသို့ငါလာသောအခါ၊ခရစ်တော်၏ကောင်း
ချီးမင်္ဂလာအပြည့်အစုံနှင့်ရောက်လာမည်ကိုငါသိ၏။
၃၀။ ညီအစ်ကိုတို့ သင်တို့သည်ငါနှင့်အတူ ကြိုးစားအား
ထုတ်၍၊ ငါ့အတွက် ဘုရားသခင်ထံ ဆုတောင်း
ပတ္ထနာပြုပေးကြပါရန်၊ ငါတို့သခင် ခရစ်တော်နှင့်
ဝိညာဉ်တော်၏ မေတ္တာကရုဏာတော်ကို အကြောင်း
ပြု၍ သင်တို့ကို ငါကို ငါတိုက်တွန်းနှိုးဆော်ပါ၏။
၃၁။ ငါသည် **ဂျူဒေယ**ပြည်ရှိ မယုံကြည်သောသူတို့
ဘေးရန်မှ လွတ်မြောက်နိုင်စေရန်နှင့် **ဂျေရုဆလင်**မြို့
သို့ ငါယူဆောင်ခဲ့သော ကူညီမှုကို ဘုရားသခင်၏
သန့်ရှင်းသောသူတို့လက်ခံနှစ်သက်စေရန်ဆုတောင်း
၃၂။ ပတ္ထနာပြုကြလော့။ သို့မှသာသင်တို့ရှိရာသို့ငါသည်
ရွှင်လန်းအားရသော စိတ်နှင့်ရောက်ရှိလာပြီး၊ ဘုရား
သခင်အလိုတော်ရှိလျှင် သင်တို့၏အပေါင်းအသင်း
ထဲတွင် ပျော်ရွှင်လန်းဆန်းစွာ နေနိုင်ပေလိမ့်မည်။
၃၃။ ငြိမ်းချမ်းသာယာခြင်း၏ အရှင် ဘုရားသခင်သည်
သင်တို့ အားလုံးနှင့်အတူ တည်ရှိတော်မူပါစေသော်၊
အာမင်။

## အခန်းကြီး (၁၆)

## ပေါလု၏ နှုတ်ဆက်စကား

၁။ **ဆင်ခရေ**မြို့ အသင်းတော်၌အမှုတော်ဆောင်အမျိုး
သမီးတစ်ဦးဖြစ်သည့်တို့၏ညီမ**ဖေဘီ**ကို သင်တို့ထံ
၂။ သို့ငါအပ်နှံပါ၏။ သင်တို့သည်ယုံကြည်သူညီအစ်ကို
အချင်းချင်း တစ်ဦးကိုတစ်ဦး လက်ခံကြ သကဲ့သို့
ဘုရားသခင်၏ နာမတော်ကို ထောက်၍ သူမအား
လက်ခံကြ၍၊ သူမလိုအပ်သည့်အကူအညီကိုပေးကြ
ပါလော့။ အကြောင်းမူကား၊ သူမသည် များစွာသော
သူတို့ကိုလည်းကောင်း၊ ငါ့ကိုလည်းကောင်း ကူညီ
၃။ မစပေးသောသူဖြစ်၏။ ခရစ်တော်၏ အမှုတော်ကို
ထမ်းဆောင်ရာတွင် ငါ၏လုပ်ဖော်ဆောင်ဖက်ဖြစ်သူ
**ပရစ်စ္စကာ**နှင့်**အကွီလ**တို့ကိုငါမေတ္တာပို့သနှုတ်ဆက်
၄။ ပေးပါလော့။ သူတို့သည်ငါတို့အတွက်သက်စွန့်ကြိုး
ပမ်းဆောင်ရွက်ခဲ့ သူများဖြစ်ကြ၏။ ငါတစ်ယောက်
တည်း သာမကလူမျိုးခြားတို့၏ အသင်းတော်များက
၅။ လည်း သူတို့ကိုကျေးဇူးတင်ကြပါ၏။ သူတို့၏
နေအိမ်၌ စုဝေးဝတ်ပြုသည့် အသင်းတော်ကိုလည်း
ငါနှုတ်ဆက်လိုက်ကြောင်း ပြောပြကြလော့။
၆။ **အာရှ**ပြည်တွင် ခရစ်တော်ကို ပထမဦးစွာ ယုံကြည်
ဆက်ကပ်သော ချစ်မိတ်ဆွေ **ဧပဲနက်တု**ကိုနှုတ်
ဆက်ပေးကြလော့။ သင်တို့အတွက် ကြိုးစားဆောင်
ရွက်ပေးသော **မာရိယာ**ကို နှုတ်ဆက်ပေးကြလော့။
၇။ ငါနှင့်အတူအကျဉ်းချခံရ၍၊ ငါ့အမျိုးသားချင်းဖြစ်သူ
**အန္ဒြေနိကု**နှင့်**ဂျုနိယ**တို့ကို နှုတ်ဆက်ပေးကြလော့။
သူတို့သည် တမန်တော်များအဖြစ် ထင်ပေါ်ကျော်
ကြား၍၊ ငါ့ထက်အလျင် ခရစ်တော်ကိုအစေခံခဲ့သော
၈။ သူများဖြစ်ကြ၏။ သခင်ဘုရား၌ ငါနှင့်ခင်မင်ရင်းနှီး
သောသူ **အမ္ပလိယတု**ကို နှုတ်ဆက်ပေးကြလော့။

၉။ ငါတို့နှင့်အတူ ခရစ်တော်၏အမှုတော်ကို ဆောင်ရွက်
ဖော်ဖြစ်သူ **အုရဘာနု**နှင့်ငါ၏ချစ်မိတ်ဆွေ**စတာကစ်**
၁၀။ တို့ကို နှုတ်ဆက်ကြလော့။ ခရစ်တော်အတွက် ဒုက္ခ
ခံသူ**အာပဲလက်**နှုတ်ဆက်ပေးကြလော့။ **အာရစ်စတို
ဘုလု**၏ မိသားစုတို့ကို နှုတ်ဆက်ပေးကြလော့။
၁၁။ ခရစ်တော်အတွက် အမှုတော် ကြိုးပမ်းဆောင်ရွက်ခဲ့
သောငါ၏ဆွေမျိုးဖြစ်သူ **ဟေရောဒီရွန်**ကိုနှုတ်ဆက်
ကြလော။**နာစစ်ဆက်**မိသားစုတို့ကိုနှုတ်ဆက်ပေးကြ
၁၂။ လော့။ သခင်ဘုရား၏ အမှုတော်ကိုကြိုးစားဆောင်
ရွက်သော အမျိုးသမီး**တြိဖေန**နှင့် **တြိဖောဆ**တို့ကို
နှုတ်ဆက်ပေးကြလော။ သခင်ဘုရား၏ အမှုတော်ကို
ကြိုးစားဆောင်ရွက်၍ ခင်မင်အပ်သောအမျိုးသမီး
**ပယ်စစ်**ကိုလည်းကောင်း နှုတ်ဆက်ပေးကြလော့။
၁၃။ ဘုရားသခင်၏ တပည့်အဖြစ် ရွေးကောက်ခံရသူ
**ရုဖု**နှင့် ငါ၏ မိခင်သဖွယ်ဖြစ်သော သူ၏မိခင်ကို
၁၄။ နှုတ်ဆက်ပေးကြလော့။ **အစင်ခရစ်တု**၊ **ဖလေဂုန်**၊
**ဟာမက်စ်**၊ **ပတ်ထရိုးဘတ်**၊ **ဟဲမတ်**မှစ၍ သူတို့နှင့်
အတူရှိသော ညီအစ်ကိုတို့ကို နှုတ်ဆက်ပေးကြ
၁၅။ လော့။ **ဖီလိုလောဂုတ်**နှင့် **ဂျုလီယာ**၊ **နေရီဦး**နှင့်
သူ၏ညီမ **အိုလင်ပတ်**နှင့် သူတို့နှင့်အတူနေကြသော
ခရစ်တော်၌ သန့်ရှင်းသူ အပေါင်းတို့ကို နှုတ်ဆက်
၁၆။ ကြလော့။ သင်တို့ အချင်းချင်း တစ်ယောက်ကို
တစ်ယောက် သန့်ရှင်းသောနမ်းခြင်းဖြင့် နှုတ်ဆက်
ပေးကြလော့။ ခရစ်တော်၏ အသင်းတော်အပေါင်း
တို့က သင်တို့ အားလုံးကို မေတ္တာပို့သနှုတ်ဆက်
လိုက်ကြပါ၏။

## ပေါလု၏ သွန်သင်မှာကြားချက်များ

၁၇။ ညီအစ်ကိုတို့၊ သင်တို့ ကြားနာခံယူပြီးသော သွန်
သင်ချက်သြဝါဒနှင့် ဆန့်ကျင့်သော၊ စိတ်ဝမ်းကွဲစေ
ခြင်းနှင့်လမ်းလွဲခြင်းများဖြစ်အောင်လှုံ့ဆော်ပေးတတ်
သော သူတို့ကို သတိပြု၍ ရှောင်ရှားရန်၊ ငါသတိ
၁၈။ ပေးပါ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည်
ငါတို့ သခင်ခရစ်တော်**ယေရှု**၏ အမှုတော်ကို
မထမ်းဆောင်ကြ၊ သူတို့၏ ကိုယ်ကျိုးအလိုငှါ၊
သိမ်မွေ့၍၊ နားဝင်ချိုသော စကားများဖြင့် ရိုးသား
၁၉။ သူတို့ကို လှည့်ဖြားတတ်ကြ၏။ အကြောင်းမှုကား၊
သင်တို့သည် အလွန်နာခံခြင်းရှိကြောင်း လူတိုင်း
သိရှိ ကြသောကြောင့် ငါသည် သင်တို့အပေါ်
ဝမ်းမြောက်ဂုဏ်ယူပါ၏။သို့သော်လည်းသင်တို့သည်
ကောင်း သော အမှုဆောင်ရွက်ရာ၌ ပညာသတိရှိစေ
ခြင်းငှါလည်းကောင်း၊ ဆိုးညစ်မိုက်မှားသော အမှုတို့
ကိုဆန့်ကျင်ရာ၌အပြစ်ကင်းစေခြင်းငှါလည်းကောင်း၊
ငါအလိုရှိ၏။
၂၀။ ငြိမ်းချမ်းသာယာခြင်း၏ အရှင်ဘုရားသခင်သည်၊
စာတန်နတ်ဆိုးကို သင်တို့၏ ခြေဖဝါးအောက်တွင်
မကြာမီနင်းခြေတော်မူလိမ့်မည်။ငါတို့၏သခင်**ယေရှု**
ခရစ်တော်၏ ကျေးဇူးတော်သည် သင်တို့နှင့်အတူ
ရှိပါစေသော
၂၁။ သော်။ ငါနှင့်အတူ အမှုတော်ဆောင်ရွက်သော**တိမော
တေဦး**၊ **လုချီဦး**မှစ၍ ငါ၏အဆွေအမျိုးများ
ဖြစ်ကြသော၊**ဂျေဆန်**နှင့်**ဆိုစီပါတယ်**တို့က၊ သင်တို့
၂၂။ ကို နှုတ်ဆက်လိုက်ပါ၏။ ဤစာကိုရေးသော၊ ငါ
**တားဆီးယပ်**သည်လည်း သခင်ဘုရား၌ သင်တို့ကို
၂၃။ နှုတ်ဆက်လိုက်ပါ၏။ ငါနှင့်အသင်းတော်အားလုံးကို
လည်းကောင်း ဧည့်ဝတ်ပြုသူအိမ်ရှင် **ဂါရု**ကလည်း
သင်တို့အား **လုချီဦး** နှုတ်ဆက်လိုက်ပါ၏။ မြို့တော်
ဘဏ္ဍာထိန်း **ဧရစတ္တု** ငါတို့၏ညီအစ်ကို **ကွာတု**တို့
ကလည်း သင်တို့အား နှုတ်ဆက်လိုက်ပါ၏။
၂၄။ ငါတို့သခင်**ယေရှု** ခရစ်တော်၏ ကျေးဇူးတော်သည်
၂၅။ သင်တို့နှင့်အတူ ရှိပါစေသော်၊ အာမင်။ ဘုရား
သခင်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေ။ ငါဟော
ပြောသော ခရစ်တော်**ယေရှု**၏ သတင်းကောင်းအရ
ကိုယ်တော်သည် သင်တို့ကို ယုံကြည်ခြင်း၌ ခိုင်မြဲ
စေတော်မူ၏။ လွန်ခဲ့သော ရှေးကာလပတ်လုံးဝှက်
ကွယ်ထားခြင်း ခံရသောနက်နဲသည့် အကြံအစည်
တော်သည် ယခုအချိန်တွင် ထုတ်ဖော်ဖွင့်ဆိုထား
၂၆။ လျက်ရှိ၏။ ထာဝရဘုရားသခင်၏ ပညတ်အလို
တော်အတိုင်းထို အကြံအစည်တော်သည် ပရောဖက်
ကျမ်းများမှတဆင့် ပေါ်လွင်ထင်ရှားလာ၏။ လူမျိုး
အပေါင်းတို့သည် မိမိတို့အား ဟောပြောထားသည့်
ယုံကြည်ခြင်း တရားကိုလက်ခံကြလိမ့်မည်။
၂၇။ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော၊ဘုရား
သခင်သည် ခရစ်တော်**ယေရှု**အားဖြင့်ကမ္ဘာအဆက်
ဆက် ဘုန်းတော်ဂုဏ်တော်ကြီးတော်မူစေသတည်း။
အာမင်။